ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၃ ရက် ကြာသပတေးနေ့။ Thursday, 30 March 2017 (၈၈၈၁)

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)



# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ် မိန့်ခွန်းပြောကြားမည်

**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားမည့် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ် မိန့်ခွန်းကို ၂၀၁၇ ခုနှစ် မတ် ၃၀ ရက် ည ၈ နာရီ ပြည်တွင်းသတင်းများအပြီးတွင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့မှ ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသို့

## နိုင်ငံတော်အစိုးရ၏ တစ်နှစ်မြောက်နှစ်ပတ်လည်နေ့

## ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး

ငြိမ်းချမ်းရေး၊ လုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတို့ဟာ အပြန်အလှန်ချိတ်ဆက်အမှီသဟဲပြုနေပါတယ်။ ငြိမ်းချမ်းရေးမရှိဘဲ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ မဖြစ်နိုင်ပါ။ ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲ ငြိမ်းချမ်းရေးမတည်မြဲနိုင်ပါ။ ဆင်းရဲနွမ်းပါးမှုကို အမြစ်ပြတ်သုတ်သင်နိုင်ရေးဟာ ဒီနေ့ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုအများအပြားကို ဖြေရှင်းနိုင်မယ့်နည်းလမ်းများအနက် တစ်ခုဖြစ်ပါတယ်။

(၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်တွင် ကျရောက်သည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂနှစ်ပတ်လည်နေ့သို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

**ယနေ့ မာတိကာ**

အမြင်အာရုံလုံးဝပျောက်ဆုံးခဲ့ရသော်လည်း ဘဝကို အလွယ်တကူအရှုံးမပေးဘဲ ကြိုးစားခဲ့မှုကြောင့် ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မအေးချမ်းအောင်ကို ရွေးချယ်
စာမျက်နှာ - ၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ်(၁) စိုက်ပျိုးမွေးမြူရေးစခန်း လှည့်လည်ကြည့်ရှု
စာမျက်နှာ - ၉

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

**ပြည်သူ့အတွက် ပထမတစ်နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# တစ်နှစ်တာအောင်မြင်မှုမှသည်

နှစ်ပေါင်း ၅၀ ကျော်ကာလအတွင်း မြန်မာနိုင်ငံ၏ ထူးခြားသောနိုင်ငံရေးဖြစ်စဉ်အပြောင်းအလဲတစ်ခု ဖြစ်ထွန်းခဲ့လေပြီ။ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံဆန္ဒမဲဖြင့် အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အစိုးရအဖွဲ့ နိုင်ငံ့တာဝန်ယူလာခဲ့သည်မှာ (ယနေ့) မတ်လ ၃၀ ရက်နေ့တွင် သက်တမ်းတစ်နှစ်တိတိ ပြည့်မြောက်လေပြီ။

အစိုးရအနေဖြင့် တစ်နှစ်တာတည်းဟူသော နိုင်ငံ့တာဝန်များကို ရယူလာခဲ့သည်မှာ နိုင်ငံအုပ်ချုပ်ရေးတာဝန်များသာမက အပြောင်းအလဲကို အလိုရှိကြကုန်သော ပြည်သူလူထုတစ်ရပ်လုံး၏ ကြီးမားသောမျှော်လင့်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး တာဝန်များကိုပါ ပူးတွဲလက်ခံဆောင်ရွက်ပေးနေရသည်။ အစိုးရအတွက် တစ်နှစ်တာသော အချိန်ကာလအတိုင်းအတာမှာ မများလှသေးသော်လည်း ပြည်သူလူထု၏ဆန္ဒဖြည့်ဆည်းရေးနှင့် နိုင်ငံအုပ်ချုပ်ရေးတာဝန်များကို အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

အရပ်သားအစိုးရအနေဖြင့် ဒီမိုကရေစီခရီးလမ်းကို လျှောက်လှမ်းရာတွင် ပန်းခင်းသောလမ်းတွင် လျှောက်လှမ်းနေရခြင်းမဟုတ်ဘဲ ယခုမှခင်းရသော မြေကြမ်းကြမ်းလမ်းတွင် လျှောက်နေရသကဲ့သို့ ခရီးလမ်းကြမ်းပေါ်တွင် ဖြတ်သန်းနေရသည်။ လမ်းလည်းပြင် ခရီးလည်းထွင်ရသဖြင့် ထင်သလောက်ခရီးမပေါက်သေးဟု ဆိုချင်လည်းဆိုကြမည်ဖြစ်သည်။ သို့သော် တစ်နှစ်တာကာလအတွင်း အတိုင်းအတာတစ်ခုအထိ ခရီးပေါက်သည်ဟု ပြောနိုင်ပါသည်။

မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတွင် ပြည်သူလူထု၏ထောက်ခံမှုဖြင့် ထူးထူးခြားခြားအစိုးရတစ်ရပ်ပေါ်ပေါက်လာခဲ့ရာတွင် စိန်ခေါ်မှု များစွာနှင့် တစ်နှစ်တာသက်တမ်းကာလအတွင်း စွမ်းဆောင်ရည်များအပေါ်တွင် ဝေဖန်သုံးသပ် အကဲဖြတ်မှုများရှိသည်။ လူတို့၏သဘောသဘာဝအရ မိမိတို့အကြိုက် အားပေးထောက်ခံကြမှုများ၊ အပြုသဘောဆောင် အကောင်းမြင်မှုများရှိသလို အပြစ်မြင်အဆိုးထင်ကြမှုများလည်း ရှိပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ပြည်သူလူထုစိတ်ဝင်စားမှုအထူးရှိသည့် အရပ်သား အစိုးရ နိုင်ငံ့တာဝန်လွှဲပြောင်းမှုမှာ သိမ်မွေ့ညင်သာချောမွေ့ခဲ့ပြီး ကမ္ဘာ့နိုင်ငံအများစု၏ အားပေးထောက်ခံမှုတို့မှာ ထူးခြားမှုများဖြစ်သလို ဒီမိုကရေစီအနှစ်သာရများနှင့် လောကဓမ္မတရားတို့နှင့်အညီ တိုင်းပြည်နှင့်ပြည်သူပြည်သားတို့အား အုပ်ချုပ်စီမံဆောင်ရွက်နေသည်မှာ အမှန်ဖြစ်သည်။

ဌာနများ ကျစ်လျစ်မှုရှိစေရန်၊ လုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်မှုရှိစေရန်နှင့် ပြည်သူ့ဘဏ္ဍာငွေများကို ခြိုးခြံချွေတာနိုင်စေရန် ပြည်ထောင်စုဝန်ကြီးဌာနအရေအတွက်ကို လျှော့ချနိုင်ခဲ့သလို ဌာနအချို့ ပေါင်းစပ်ဖွဲ့စည်းနိုင်မှုများမှာလည်း ထူးခြားချက်ပင်ဖြစ်သည်။ တစ်ဆက်တည်းတွင် တိုင်းရင်းသားပြည်သူများ မျှော်လင့်စောင့်စားလျက်ရှိသည့် နှစ်ပေါင်းများစွာဝေးကွာနေသော ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ဦးစားပေးသည့်အနေဖြင့် (၂၁)ရာစု ပင်လုံညီလာခံ ကျင်းပနိုင်ခဲ့ခြင်းမှာလည်း ထူးခြားမှုပင်ဖြစ်သည်။

ဥပဒေပြုရေးအပိုင်းမှ ပြည်သူလူထုအကျိုးစီးပွားအတွက် ပြည်သူ့ဘဏ္ဍာငွေများအား မယိုမဖိတ်လျှော့ချသုံးစွဲနိုင်ခြင်း၊ ပြည်သူလူထုအများစုကို ထိခိုက်စေနိုင်သော ဥပဒေအချို့ကို ပယ်ဖျက်နိုင်ခြင်းနှင့် ပြည်သူလူထုအကျိုးဖြစ်ထွန်းစေမည့် ဥပဒေများအား ပြင်ဆင်ပြဋ္ဌာန်းရေးဆွဲနိုင်ခြင်း၊ စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းသွားသော်လည်း စီးပွားရေးအတက်နှေးနေသည်ကို ပွင့်ပွင့်လင်းလင်းဝန်ခံပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နေခြင်းနှင့် အခြားအခြားသော အများပြည်သူအကျိုးစီးပွားအတွက်ဆောင်ရွက်ပေးနေမှုများမှာ ငြင်း၍မရသော ရလဒ်ကောင်းများဟု ဆိုရမည်ဖြစ်သည်။

အစိုးရအနေဖြင့် ဆယ်စုနှစ်များစွာ ကြုံတွေ့နေရသောအခက်အခဲများကို လက်ဝယ်ပိုက်၍ကိုင်တွယ်ဖြေရှင်းနေသည်မှာ တစ်နှစ်တာကာလမျှသာဖြစ်သော်လည်း လမ်းကြောင်းမှန်ပေါ်တွင်ရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းသာယာဝပြောသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ရောက်အောင် တက်ညီလက်ညီ ဆက်လက်လျှောက်လှမ်းကြရမည်ဖြစ်သည်။ ။

# ဆေးလူမှုဆက်ဆံရေးလုပ်ငန်း နှစ်(၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၉**




ဆေးလူမှုဆက်ဆံရေး၏အရေးပါမှုကို ပြည်သူများသိရှိကြရန် အရေးကြီးပါကြောင်း၊ ဆေးလူမှုဆက်ဆံရေးအနေဖြင့် လူနာများကို မိမိတို့မိသားစုသဖွယ် သဘောထားဆက်ဆံလမ်းညွှန်ပေးရန်လိုအပ်ကြောင်း၊ သို့မှသာ လူနာများအနေဖြင့် ဆေးရုံတက်ရောက်ရာတွင်လည်းကောင်း၊ ဆေးကုသမှုခံယူစဉ်နှင့် ဆေးရုံဆင်းချိန်တို့တွင်လည်း စိတ်ကျေနပ်နှစ်သက်မှု ရရှိမည်ဖြစ်ပါကြောင်းဖြင့် မတ် ၂၆ ရက် နံနက် ၉ နာရီက သူနာပြုတက္ကသိုလ် ရန်ကုန်၌ ကျင်းပသည့် ဆေးလူမှုဆက်ဆံရေးလုပ်ငန်း နှစ် (၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြောကြားသည်။

လူနာများအနေဖြင့် ဝေဒနာတစ်ခုခုခံစားရ၍ ဆေးရုံသို့ရောက်ရှိချိန်တွင် ကောင်းမွန်စွာဖြင့် ကုသမှုခံယူရန်နှင့် ကောင်းမွန်စွာဆက်ဆံရန် မျှော်လင့်တတ်ကြသဖြင့် ဆေးလူမှုဆက်ဆံရေးမှူးများအနေဖြင့် အဆိုပါ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးကြရန် လိုအပ်ပါကြောင်း၊ သူနာပြု၊ သားဖွားအသင်းများရှိသကဲ့သို့ ဆေးလူမှုဆက်ဆံရေး အသင်းလည်းရှိစေချင်ပြီး လုပ်ဆောင်ရာတွင်လည်း စနစ်တကျရှိရန် လိုအပ်ပါကြောင်း။

ဆေးရုံကြီးများရှိ Hospital Reception Counter များ၌လည်း ဧည့်ကြိုအမျိုးသမီးများကို ခန့်အပ်ထားပြီး ဖြစ်ပါကြောင်း၊ နှီးနွှယ်ဌာနများ၊ လူမှုရေးဝန်ကြီးများ၊ သာရေးနာရေးအသင်းများ၊ အလှူရှင်များ၊ မီဒီယာများနှင့်လည်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ လူနာများ၏ စိတ်ချမ်းသာမှုကိုသာမက လူနာရှင်မိသားစုများ၏ အရေးကိုပါ ဂရုစိုက်ပေးရန် လိုအပ်ပါကြောင်း အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူး၊ ဆေးလူမှုဆက်ဆံရေး(အငြိမ်းစား) ဒေါ်ယုဇနကျင်က ကျေးဇူးတင်စကား ပြောကြားပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသည့် ဆေးလူမှုဆက်ဆံရေးဆိုင်ရာပြခန်းငယ်ကို ကြည့်ရှုအားပေးကြသည်။

ဆေးလူမှုဆက်ဆံရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်ရန်၊ ဝန်ထမ်းများ စည်းလုံးညီညွတ်မှု ပိုမိုရရှိပြီး တက်ကြွစွာ တာဝန် ထမ်းဆောင်ကြစေရန်၊ ဆေးလူမှုဆက်ဆံရေး အသင်းတစ်ရပ် ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

■

# ကလေးခရိုင်ရုံးတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ပန်းချီပြိုင်ပွဲကျင်းပ

**ကလေး မတ် ၂၉**

ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို မတ် ၂၈ ရက် နံနက်ပိုင်းက Community Centre ခန်းမ၌ ကျင်းပပြီး ညနေပိုင်းတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့သည်။



ထို့နောက် ပြိုင်ပွဲဝင်ကျောင်းသားကျောင်းသူများကိုလည်း အလှူရှင် ဆလိုင်းဗန်ကျုံးလျန် ရေးသားထုတ်ဝေသည့် နယ်ချဲ့ဗြိတိသျှတော်လှန်ရေးသမိုင်းစာအုပ်နှင့် အသိပညာ ဗဟုသုတဖြစ်စေမည့် သုတ၊ ရသစာအုပ်စာစောင်များအား အမှတ်တရ လက်ဆောင်ပေးအပ်ခဲ့ကာ အဆိုပါ ပန်းချီပြိုင်ပွဲသို့ ကျောင်းသားကျောင်းသူ ၂၃ ဦးတို့ စိတ်ပါဝင်စားစွာပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(ချင်းတွင်းသား)**

# ကတ္တရာလမ်းခင်းခြင်းဆောင်ရွက်

**သိန်းနီ မတ် ၂၉**

သိန်းနီမြို့နယ် စည်ပင်သာယာရေးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ဆောင်ရွက်သော မန်နောင်လမ်းမြေမှ ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးညီညီမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာမင်းထွန်းတို့က မတ် ၂၈ ရက်က ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(သီပေါကိုလတ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၉**

ရန်ကုန်(ရွှေဈေး) ၉၀၃၀၀၀ - ၉၀၃၀၀၀ မန္တလေး(ရွှေဈေး) ၉၀၃၀၀၀ - ၉၀၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၁၀ ကျပ်၊ | ၇၂၀/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၃၅/၇၆၀ ကျပ်၊ | ၈၄၅/၈၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၅/၇၂၀ ကျပ်၊ | ၇၆၀/၇၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၃၀ ကျပ်၊ | ၇၄၀/၇၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၃၂/၆၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၄၅/၆၅၀ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၆၂၃/၆၃၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၇၂. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၉၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၅၀၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၈. ၂၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၃၉ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၅. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၂၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၉. ၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၅. ၁၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ အမြင်ချင်းဖလှယ်



**နေပြည်တော် မတ် ၂၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ဘဏ်(World Bank) ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms.Victoria Kwakwa နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

ထိုသို့တွေ့ဆုံရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေမည့် ကိစ္စရပ်များအပါအဝင် လျှပ်စစ်ကဏ္ဍတွင် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုနှင့် ဦးစားပေးဆောင်ရွက်ပေးနိုင်ရေး၊ လမ်း၊ တံတားဆောက်လုပ်ရေး၊ စိုက်ပျိုးရေးတွင် ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးရေး၊ လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကမ္ဘာ့ဘဏ်၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms.Victoria Kwakwa အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့တွင်း ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့တွင်း ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။



အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၂၁ ခုနှစ် မတ်လအထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ပထမကာလတို ငါးနှစ်အတွင်း လမ်း၊ တံတား စီမံကိန်းလုပ်ငန်းကြီးများကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး အတွင်းတွင် နိုင်ငံတကာအကူအညီများ၊ လွှတ်တော်ကတိကဝတ်များ၊ BOT များဖြင့် လမ်းခြောက်လမ်းနှင့် တံတားသုံးစင်းတည်ဆောက်သွားမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်း၌လည်း လမ်းမိုင် ၆၃၇ မိုင် ခြောက်ဖာလုံကို ဖောက်လုပ်ထားပြီးဖြစ်ကာ ပေ ၁၈၀ နှင့်အထက် တံတားကြီး ၄၉ စင်းတည်ဆောက်ပေးထားပြီးဖြစ်ကြောင်း။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း အာရှဖွံ့ဖြိုးတိုးတက်ရေး ဘဏ်အကူအညီဖြင့် ဆောင်ရွက်မည့် ပဲခူး-သနပ္ပင်-ခရမ်း-သုံးခွ-သန်လျင်လမ်းနှင့် ရန်ကုန်-ပုသိမ်လမ်းပိုင်းနိုင်လွန်ကတ္တရာ အဆင့်မြှင့်တင်မည့် လုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ဂျပန်နိုင်ငံအကူအညီဖြင့် ဆောင်ရွက်ဆဲ သာကေတတံတားအပြင် ကိုရီးယားနိုင်ငံချေးငွေအကူအညီဖြင့် ဒလတံတားတည်ဆောက်ရန် အသေးစိတ်ပုံစံများ ရေးဆွဲလျက်ရှိပြီး မကြာမီကာလအတွင်း စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်နှင့် ဆက်စပ်လျက်ရှိသော ပဲခူးမြစ်တံတား အမှတ်(၃)ကိုလည်း ဂျပန်နိုင်ငံမှ ချေးငွေ အကူအညီဖြင့် ဆောင်ရွက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်း ဖြစ်နိုင်စွမ်း လေ့လာချက်(FS)များလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ဖွင့်လှစ်လိုက်သည့် သုံးခွမြို့တွင်း ကတ္တရာလမ်းသည် ယခုအစိုးရလက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပထမဦးဆုံး ဖွင့်လှစ်ပေးနိုင်ခဲ့သည့် လမ်းပိုင်းတစ်ခုဖြစ်ကြောင်း၊ ယင်းလမ်းကို အဆင့်မြှင့်တင်ပြီးဖြစ်၍ ရန်ကုန်တိုင်းဒေသကြီး သီလဝါ SEZ နှင့် ပဲခူးတိုင်းဒေသကြီးမှ ဒေသထွက်ကုန်ပစ္စည်းများ ရန်ကုန်မြို့ကို ဖြတ်သန်းစရာမလိုဘဲ အချိန်တိုအတွင်း သယ်ယူပို့ဆောင်ပေးခြင်းဖြင့် ဒေသခံများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

အစိုးရသစ်တက်ပြီး နောက်ပိုင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနပိုင် လမ်း၊ တံတားဂိတ် ၃၀၂ ဂိတ် ရှိသည့်အနက် ၁၆၁ ဂိတ်ကို ဖြေလျှော့ပေးခဲ့ပြီး ပြည်သူများသွားလာရေး လွယ်ကူအဆင်ပြေစေရန် ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန်နှင့် မလိုလားအပ်သော သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ လျော့ကျစေရေးအတွက် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တံတားကြီး ကိုးစင်းကိုလည်း အခမဲ့ ဖြတ်သန်းခွင့် ပြုတော့မည်ဖြစ်၍ ပြည်သူများအား အသိပေးပြောကြားလိုကြောင်း။

တံတားကြီးများ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် တံတားများပေါ်တွင် သတ်မှတ်ခွင့်ပြုယာဉ်နှင့် အလေးချိန်အတိုင်းသာ ဖြတ်သန်းခွင့်ပြုမည်ဖြစ်သဖြင့် ပြည်သူများအားလုံးဝိုင်းဝန်းပူးပေါင်းကူညီရန် ပြောကြားသည်။

ယင်းနောက် သုံးခွမြို့တွင်း ကတ္တရာလမ်းကို လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဒေါ်နီလာကျော်၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးနေဝင်း၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ၊ မြို့မိ/မြို့ဖ ဦးစိန်ငွေးနှင့် ရန်ကုန်တောင်ပိုင်းခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ငွေးငွေးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ တိုင်းဒေသကြီးဝန်ကြီး ဒေါ်နီလာကျော်၊ သုံးခွမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်စုစုလွင်နှင့် ဧည့်သည်တော်များသည် မုခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ကတ္တရာလမ်းပေါ်မှ ဖြတ်သန်း ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၁) ဦးမြဝင်း | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (၂) ဦးစောဂျွန်ရွှေဘ | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သစ်လုပ်ငန်း<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃) ဦးရန်နိုင်ထွန်း | ညွှန်ကြားရေးမှူးချုပ်<br>ကုန်သွယ်ရေးဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| (၄) ဦးကျော်ထင် | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |

# မအီမြို့နယ် ကျေးရွာနှစ်ရွာ ၂၄ နာရီလျှပ်စစ်မီးရရှိ

**သံတွဲ မတ် ၂၉**

ရခိုင်ပြည်နယ် သံတွဲခရိုင် မအီမြို့နယ်ရှိ ကင်းခြေရွာသစ်ရွာနှင့် ကျောက်ကြီးပေါက်ကျေးရွာများတွင် ယခုမတ်လအတွင်းက လျှပ်စစ်မီး ၂၄ နာရီဓာတ်အားအပြည့်အဝ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကင်းခြေရွာသစ်တွင် အိမ်ခြေ ၆၄ အိမ်ရှိကာ ထရန်စဖော်မာ 50KVA တစ်လုံး၊ ကျောက်ကြီးပေါက် ကျေးရွာတွင် အိမ်ခြေ ၇၅ အိမ်ရှိပြီး ထရန်စဖော်မာ 100KVA တစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနေကြပြီဖြစ်သည်။

လျှပ်စစ်မီတာ မတပ်ဆင်ရသေးသော အိမ်များမှာလည်း လျှပ်စစ်မီတာ တပ်ဆင်ရရှိရေးအတွက် စီစဉ်လျက်ရှိသည်။ လျှပ်စစ်မီးရရှိပြီးကျေးရွာများနှင့် ထပ်မံ၍ လျှပ်စစ်မီးရရှိရန် ကျန်ရှိသော ကျေးရွာများသို့ သံတွဲခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးသက်တင်ဇော်က အနီးကပ်ကြီးကြပ်ပြီး မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးနှင့် လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်မီတာများ စနစ်တကျ တပ်ဆင်ထားရှိမှု ရှိ/မရှိနှင့်လျှပ်စစ်နှင့်ဆက်စပ်သော လုပ်ငန်းကိစ္စရပ်များကို အထူးအလေးထားပြီး ဆောင်ရွက်လျက်ရှိကြောင်း မတ် ၂၉ ရက်က မြို့နယ်လျှပ်စစ်မှူးဦးကျော်သိန်းဦးက ပြောသည်။

(၅၂၂)

# ကျောက်မီးသွေးထုတ်လုပ်မှု လုပ်ငန်းများမြှင့်တင်နိုင်ရေး ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ စည်းမျဉ်းများကို ဒေါ်နယ်ထရန့်ဖျက်သိမ်း

**ဝါရှင်တန် မတ် ၂၉**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် အိုဘားမား လက်ထက်က ချမှတ်ခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဥပဒေစည်းမျဉ်းများအား ပြန်လည်ဖျက်သိမ်းရန် သမ္မတအခွင့်အာဏာဆိုင်ရာ အမိန့်တစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း၊ ယင်းမှာ ကျောက်မီးသွေးထုတ်လုပ်မှုလုပ်ငန်းကို မြှင့်တင်အားပေးပါမည်ဆိုသော ရွေးကောက်ပွဲကာလ မဲဆွယ်စည်းရုံးရေး ကတိကဝတ်အတိုင်း လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

စွမ်းအင်လုပ်ငန်းကဏ္ဍလွတ်လပ်ခွင့်ရှိရေးအမည်ရှိ သမ္မတအခွင့်အာဏာဆိုင်ရာ ညွှန်ကြားချက် လက်မှတ်ရေးထိုးပွဲသို့ ကျောက်မီးသွေးတွင်း လုပ်ငန်းရှင်များနှင့် အမှုဆောင်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ အမေရိကန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီဌာနချုပ်၌ မတ် ၂၈ ရက်တွင် အဆိုပါညွှန်ကြားချက်ကို သမ္မတက လက်မှတ်ရေးထိုးကာ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

သမ္မတထရန့်က ညွှန်ကြားချက်လက်မှတ်ရေးထိုးလိုက်ပြီးနောက် မကြာမတင်မှာပင် ပြည်နယ်များနှင့် ဒေသန္တရအစိုးရအဖွဲ့ ၂၃ ခုပါဝင်သော ညွန့်ပေါင်းအဖွဲ့ကလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအုပ်စုများကလည်းကောင်း ဝေဖန်မှုများဖြင့် တုံ့ပြန်ခဲ့ကြသည်။

သမ္မတ၏ အမိန့်ဒီကရီသည် ပြည်သူ့ကျန်းမာရေးကို ခြိမ်းခြောက်နေသဖြင့် တရားရုံးတော်တွင် ဥပဒေကြောင်းအရ ဆက်လက်ဆောင်ရွက်သွားကြမည်ဟု ယင်းအဖွဲ့အစည်းများက သန္နိဋ္ဌာန်ပြုခဲ့ကြသည်။

သမ္မတ၏ အမိန့်ဒီကရီ၏ဦးတည်ရာ ပစ်မှတ်မှာ ယခင်သမ္မတ ဘားရက်အိုဘားမား၏ သန့်ရှင်းသော စွမ်းအင်အစီအစဉ်ဖြစ်သည်။ ယင်းအစီအစဉ်အရ အမေရိကန်ပြည်နယ်များသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ရုံများမှ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရန် စည်းမျဉ်းသတ်မှတ်ထားသည်။ ၂၀၁၅ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့၌ နိုင်ငံပေါင်း ၂၀၀ ခန့်က ရရှိခဲ့သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်နှင့်အညီ အမေရိကန်က သန့်ရှင်းသောစွမ်းအင်ထုတ်လုပ်ရေးသို့ ဦးတည်ခဲ့သည်။

အမေရိကန်၏စွမ်းအင်လုပ်ငန်းအပေါ် ချမှတ်ထားသော ကန့်သတ်ချက်များအား ရုပ်သိမ်းနိုင်ရန်လည်းကောင်း၊



စွမ်းအင်လုပ်ငန်းများအပေါ် အစိုးရ၏ ကြားဝင်စွက်ဖက်မှုအား အဆုံးသတ်စေရန်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများကို ပိတ်ပင်တားဆီးသော စည်းမျဉ်းများအား ဖျက်သိမ်းရန်လည်းကောင်း မိမိ၏လုပ်ဆောင်မှုများသည် သမိုင်းဝင် ဆောင်ရွက်ချက်များဖြစ်လာမည်ဖြစ်ကြောင်း သမ္မတထရန့်က ပြောကြားသည်။ **ရိုက်တာ။**




# အီရတ်စစ်တပ်ဖွဲ့နှင့် စစ်သွေးကြွများ၏ အပြန်အလှန်ပစ်ခတ်မှုတွင် တစ်လအတွင်း အရပ်သား ၃၀၀ ကျော်သေဆုံးဟု ကုလသမဂ္ဂအဖွဲ့ဆို

**မိုဆူးလ် မတ် ၂၉**

အီရတ်နိုင်ငံမြို့တော် မိုဆူးလ်တွင် အီရတ်တပ်ဖွဲ့များအပါအဝင် အမေရိကန် ဦးဆောင်သော ညွှန့်ပေါင်းအဖွဲ့များနှင့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့တို့၏ အပြန်အလှန်တိုက်ခိုက်မှုများတွင် အရပ်သား ၃၀၀ ရာကျော် တစ်လအတွင်း သေဆုံးခဲ့ရသည်ဟု ကုလသမဂ္ဂအဖွဲ့က ဆိုသည်။

အီရတ်တပ်ဖွဲ့နှင့် အမေရိကန်ဦးဆောင် ညွှန့်ပေါင်းအဖွဲ့တို့က မြို့တော်မိုဆူးလ်ကို အိုင်အက်စ်တို့လက်မှ ပြန်လည်ရယူနိုင်ရန် အပြင်းအထန် ထိုးစစ်ဆင်ချေမှုန်းလျက်ရှိသည်။

ယင်းပြည်တွင်းစစ်ပွဲအတွင်း ဖေဖော်ဝါရီ ၁၇ ရက်မှ မတ် ၂၂ အထိ အရပ်သား သေဆုံးမှုအရေအတွက်မှာ ၃၀၇ ဦးခန့်ရှိပြီး ၂၇၃ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးက မီဒီယာများသို့ မတ် ၂၈ ရက်တွင် ပြောကြားခဲ့သည်။

သေဆုံးသွားသူအများစုသည် စစ်သွေးကြွများ၏ လူသားတံတိုင်းသဖွယ် အသုံးချခံခဲ့ရသည့်အတွက် သေဆုံးခြင်းဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။

မတ် ၁၇ ရက်က စစ်သွေးကြွများ၏ အမာခံတပ်တစ်ခုအဖြစ် အသုံးပြုသည့် လူနေအိမ်တစ်လုံးကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့သည့် လေကြောင်းပစ်ခတ်မှုတစ်ခုတွင် အရပ်သား ၆၁ ဦး အနည်းဆုံး သေဆုံးခဲ့သည်။

ကုလသမဂ္ဂအဖွဲ့၏ စုံစမ်းစစ်ဆေးမှုများအရ စစ်သွေးကြွများက အရပ်သား ၁၄၀ ကျော်ကို အဆိုပါ အဆောက်အအုံထဲသို့ အတင်းအဓမ္မဝင်ခိုင်းပြီး စစ်သွေးကြွများထွက်ပြေးနိုင်ရန် ကာကွယ်ပေးသည့်အနေဖြင့် လူသားတံတိုင်းလုပ်ဆောင်စေခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အမေရိကန်စစ်တပ်အဖွဲ့ကလည်း လေကြောင်းတိုက်ခိုက်မှု၏ အကြောင်းရင်းခံကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အိုင်အက်စ်စစ်သွေးကြွများ၏ အရပ်သားများအား လူသားတံတိုင်းအဖြစ်အသုံးချသော မဟာဗျူဟာသည် သူရဲဘောကြောင်ရာရောက်ပြီး စစ်ရာဇဝတ်မှုမြောက်ကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး ဇေ့ရာအယ်ဟူစိန်က ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# ပါရီရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် တရုတ်နွယ်ဖွားတစ်ဦးသေဆုံးခဲ့ရမှု တရုတ်အစိုးရက ရှင်းလင်းချက်တောင်းခံ

**ပါရီ မတ် ၂၉**

ပြင်သစ်နိုင်ငံ မြို့တော်ပါရီရှိ နေအိမ်တစ်လုံးတွင် ရဲတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် တရုတ်လူမျိုး အမျိုးသားတစ်ဦးသေဆုံးခဲ့ရမှုကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မကျေမနပ်ဖြစ်နေကြသော တရုတ်လူမျိုးများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်း ဖြစ်ပွားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မတ် ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မတ် ၂၆ ရက်က ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်နှင့် ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြင်သစ်သံတမန်တစ်ဦးကိုဆင့်ခေါ်ခဲ့ပြီး ရှင်းလင်းချက်တောင်းခံခဲ့ကြောင်း၊ မြို့တော်ပါရီရှိ တရုတ်တန်းရပ်ကွက်၌ နေထိုင်သော ပြင်သစ်နိုင်ငံသားခံယူထားသူ တရုတ်မျိုးနွယ် ၁၀၀ ခန့်က လမ်းများပေါ်ထွက်လာကာ ကန့်ကွက်ဆန္ဒပြခဲ့ကြောင်း၊ ဆန္ဒပြသမားအချို့က တရုတ်တန်းရပ်ကွက်ရှိ ရဲစခန်းရှေ့တွင် စုဝေးကာ ရဲတပ်ဖွဲ့ဝင်များအား ရန်မူခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ပါရီမြို့၌ နေထိုင်သော တရုတ်နွယ်ဖွား(၅၆)နှစ်အရွယ်အမျိုးသားတစ်ဦးသည် မတ် ၂၆ ရက်က ၎င်း၏နေအိမ်ရှေ့၌ မိသားစုဝင်များ ရှေ့မှောက်တွင် ရဲတပ်ဖွဲ့တစ်ဦး၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။ အဆိုပါအမျိုးသား၏လက်တွင် ကတ်ကြေးကိုင်ထားသဖြင့် ရဲတပ်ဖွဲ့ဝင်များက ၎င်းတို့ကို တိုက်ခိုက်မည်အထင်ဖြင့် သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဆို၏။

မိသားစုဝင်များ၏ ပြောဆိုချက်အရမူ ယင်းအမျိုးသားသည် ငါးကို ကတ်ကြေးဖြင့် ဖြတ်တောက်နေချိန်ဖြစ်သဖြင့် ကတ်ကြေးကို ကိုင်ဆောင်ထားခြင်းသာဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အိမ်နီးချင်းတစ်ဦးနှင့် အော်ကြီးဟစ်ကျယ်အငြင်းပွားမှုကြောင့် ဒေသခံများက ရဲတပ်ဖွဲ့ကို အကြောင်းကြားခဲ့ပြီး စုံစမ်းစစ်ဆေးရန် လာရောက်သော ရဲတပ်ဖွဲ့ဝင်များက နားလည်မှုလွဲမှားခဲ့ပုံရကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ။**




# ကမ္ဘာ့ကိုယ်အလေးချိန်အများဆုံးလူဝကြီး ခွဲစိတ်ကုသမှုခံယူမည်

**မက္ကဆီကိုစီးတီး မတ် ၂၉**

ကမ္ဘာပေါ်တွင် ကိုယ်အလေးချိန်အများဆုံးလူဝကြီးတစ်ဦးကို အစာအိမ်ဆိုင်ရာ ခွဲစိတ်ကုသမှုကုထုံးဖြင့် ကုသပေးရန် ရက်သတ်မှတ်လိုက်ပြီဖြစ်ကြောင်း မက္ကဆီကို ဆရာဝန်ကြီးများက ပြောကြားကြသည်။

တစ်ချိန်တစ်ခါက ကိုယ်အလေးချိန် ၅၉၅ ကီလိုဂရမ်အထိ ရှိခဲ့သည့် ဂျူအန်ပီဒရိုဖရန်ကို အမည်ရှိ လူဝကြီးသည် ယခုနှစ် မေ ၉ ရက်တွင် ခွဲစိတ်ကုသမှု မခံယူမီကြိုတင်ပြင်ဆင်သည့်အနေဖြင့် သုံးလတာမျှ ဓာတ်စာကုထုံးကို ခံယူလျက်ရှိသည်။

မက္ကဆီကိုနိုင်ငံမြောက်ပိုင်းသား ဂျူအန်ပီဒရိုဖရန်ကိုသည် အသက်(၃၂)နှစ်အရွယ်ရှိပြီး ခွဲစိတ်ကုသမှုမခံယူမီ သင့်တော်သည့်အခြေအနေသို့ ရောက်ရှိရန် ၎င်း၏ ကိုယ်ခန္ဓာအလေးချိန် ၁၇၅ ကီလိုဂရမ်ကျဆင်းရေးအတွက် ကိုယ်အလေးချိန်ချ အထူးကုဆေးခန်းတွင် ကုသမှုခံယူခဲ့သည်။

၎င်း၏ ကိုယ်ခန္ဓာအလေးချိန် ၃၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့ပြီဖြစ်ရာ ကိုယ်အလေးချိန် လျှော့ချရေးခွဲစိတ်ကုထုံးဖြင့် ကုသမှုခံယူနိုင်တော့မည်ဖြစ်ကြောင်း ၎င်း၏ ဆရာဝန် ဂျိုဆေအန်တိုနီယိုကက် စတန်ဒါခရစ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ **ဆင်ဟွာ။**

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ သုတေသနဗဟိုဌာန ဖွင့်လှစ်

**နေပြည်တော် မတ် ၂၉**

နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ဘတ်ဂျက်ခွင့်ပြုငွေဖြင့် ဆောင်ရွက်သော အလျားပေ ၂၀၀ ၊ အနံပေ ၅၀ RCC နှစ်ထပ်သုတေသနဗဟိုဌာနဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် နံနက် ၈ နာရီတွင် အဆိုပါအဆောက်အအုံ၌ ကျင်းပခဲ့သည်။




အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ် ပါမောက္ခဒေါက်တာ မာမာဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့ပြင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ဘတ်ဂျက်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ခဲ့သော ဆောက်လုပ်ရေးလုပ်ငန်းများ ဖြစ်သည့် အလျားပေ ၆၀ ၊ အနံပေ ၄၀ သရုပ်ပြနွားမွေးမြူရေးခြံ တစ်ခြံ၊ အလျားပေ ၂၃၀၀ ၊ အကျယ် ၁၂ ပေ၊ အထူ ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း၊ ရေဂါလန် ၂၀၀၀၀ ဆံ့ Ground Tank တစ်ခု၊ စက်ရေတွင်း တစ်တွင်း၊ အိပ်ဆောင်သစ် သုံးလုံးသို့ ရေပိုက်လိုင်းအသစ် သွယ်တန်းခြင်း၊ ဂန္ဓမာဆောင် အုတ်တံတိုင်း ဖြည့်စွက်ကာရံခြင်း လုပ်ငန်းများကိုလည်း တင်ဒါအောင်မြင်ခဲ့သော ခွန်အားပြည့်ကုမ္ပဏီ၊ လျှမ်းလျှမ်းတောက် ကုမ္ပဏီ၊ TZTM ကုမ္ပဏီ၊ အောင်ချမ်းသာကုမ္ပဏီတို့က လွှဲပြောင်းအပ်နှံခဲ့သည်။

အဆိုပါဖွင့်ပွဲ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ လုပ်ငန်းရှင်များ၊ ပါမောက္ခ/ဌာနမှူး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဓမ္မာစရိယစာမေးပွဲ(သတ္တမနေ့)နှင့် ပါဠိပထမပြန်စာမေးပွဲ စတင်ကျင်းပ

**နေပြည်တော် မတ် ၂၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပလျက်ရှိသည့် ၂၀၁၇ ခုနှစ် ဓမ္မာစရိယစာမေးပွဲ(သတ္တမနေ့)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေဌာန ၅၂ ဌာန၌လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယစာမေးပွဲ(သတ္တမနေ့)ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၈၆၄ ပါး အနက် ၄၅၈ ပါး ဖြေဆိုကြသဖြင့် ၅၃ ဒသမ ဝ၁ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလ) ပထမနေ့ကို စာရင်းသွင်း သံဃာ၊ သီလရှင် စုစုပေါင်း ၆၃၅၉၂ ပါးအနက် ၅၁၁၅၄ ပါး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၄၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်တွေလေဆိပ် အဆောက်အအုံသစ် ဖွင့်လှစ်

**စစ်တွေ မတ် ၂၉**

နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ယူတည်ဆောက်သည့် စစ်တွေလေဆိပ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါလေဆိပ်၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသန့်စင်မောင်နှင့် တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ NGO၊ INGO အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အဆောက်အအုံသစ်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လျှပ်စစ်၊စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်၊ စစ်တွေမြို့မှ ဒေသခံရပ်မိရပ်ဖ ဦးမောင်သာစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်စေရေးကဏ္ဍတွင် ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေလေယာဉ်ကွင်းအပါအဝင် ကျောက်ဖြူ သံတွဲလေယာဉ်ကွင်းတို့ကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် အမ်းလေယာဉ်ကွင်းထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မာန်အောင်လေယာဉ်ကွင်းသစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ၏ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်မှ ရန်ပုံငွေများ အကုန်ကျခံတည်ဆောက်သည့် စစ်တွေလေဆိပ်အား ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် နယ်မြေခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ယခုဖွင့်လှစ်သော စစ်တွေလေဆိပ် အဆောက်အအုံသစ်တွင် အဝင်ခရီးသည် ၂၀၀ နှင့် အထွက်ခရီးသည် ၂၀၀ တစ်ပြိုင်နက်တည်း ဝင်ဆံ့နားနေနိုင်ကြောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း၊ ပြန်လည်မွမ်းမံခြင်း အပါအဝင် စုစုပေါင်းငွေကျပ် ၁၁၁၃ ဒသမ ၈သန်းကို နိုင်ငံတော်မှ အကုန်ကျခံ ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ဇာနည်မောင်)**



# ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် မဲရုံပြင်ဆင်ထားရှိမှုအခြေအနေများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂၉**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ရန်ကုန်အရှေ့ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များမှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ရပ်ကွက်အသီးသီးဖြစ်သော လေးထောင့်ကန်၊ ရှမ်းတဲကြီး၊ ရွာသာကြီး၊ စစ်ပင်နှင့် သုံးခွကျေးရွာများရှိ မဲရုံများ ပြင်ဆင်ထားရှိမှုအခြေအနေများကို မှန်ကန်မှုရှိစေရန်နှင့် မှားယွင်းမှုမရှိစေရန် ရည်ရွယ်၍ မတ် ၂၉ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲပိုင်းထိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(MLA)**

# ပြည်တွင်း၊ ပြည်ပမီဒီယာများ ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ပြုလုပ်ရန် ထပ်မံကြံစည်မှုနှင့် ပတ်သက်၍ ဖော်ထုတ်တားဆီးနိုင်ခဲ့မှုအပေါ် လွတ်လပ်စွာ တွေ့ဆုံမေးမြန်း





**ဘူးသီးတောင် မတ် ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသသို့ သွားရောက်သတင်းရယူရန် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ပြည်တွင်း၊ ပြည်ပမီဒီယာများ ပါဝင်သည့် သတင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် ဘူးသီးတောင်မြို့နယ်သို့ ရောက်ရှိသည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ တောင်ဘဇာနယ်မြေ ရဲစခန်းမှူး ရဲအုပ်ထွန်းနိုင်နှင့် တင်းမေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က တင်းမေကျေးရွာတွင် အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် သင်တန်းဖွင့်လှစ်မှု၊ ထပ်မံကြံစည်မှုတို့နှင့် ပတ်သက်၍ ဖော်ထုတ်တားဆီးနိုင်ခဲ့မှုအပေါ် ရှင်းလင်းပြောကြားပြီး မီဒီယာများက သိရှိလိုသည်များကို လွတ်လပ်စွာ တွေ့ဆုံမေးမြန်းကြသည်။

ယင်းနောက် တင်းမေကျေးရွာသို့ သွားရောက်ကာ ကျေးရွာတာဝန်ခံနှင့် တွေ့ဆုံ၍ အကြမ်းဖက်မှု ပြုလုပ်ရန် ကြံစည်သူ ၁၇ ဦး ဖမ်းဆီးရမိမှုနှင့် ၎င်းတို့၏ အခြေအနေ၊ ဖမ်းဆီးရမိသူများနှင့် သွားရောက်တွေ့ဆုံမှု အခြေအနေ၊ ဖြေကြားခဲ့မှုအပေါ် စိုးရိမ်မှုရှိ၊ မရှိနှင့် ကျေးရွာလုံခြုံမှု အခြေအနေတို့ကို မေးမြန်းကြသည်။

ဆက်လက်၍ အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ကြံစည်မှုတွင်ဖမ်းဆီးခံရသူများ၏ မိသားစုဝင်နှစ်ဦးတို့နှင့် လွတ်လပ်စွာ တွေ့ဆုံမေးမြန်းကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရ၏ တစ်နှစ်မြောက်နှစ်ပတ်လည်နေ့

ဒီလိုသာယာလှပပြီး သယံဇာတတွေ ပေါများကြွယ်ဝတဲ့ ကချင်ပြည်နယ်ဟာ လက်နက်ကိုင်ပဋိပက္ခတွေကြောင့် သဘာဝအလှအပတွေကိုလည်း မခံစားနိုင်၊ သယံဇာတတွေကိုလည်း ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ထိထိရောက်ရောက်မသုံးနိုင်ဘဲ ဖြစ်နေရပါတယ်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နယ်မြေတည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ အောင်မြင်အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၁၀-၁-၂၀၁၇ ရက်တွင် (၆၉)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)





၂၀၁၆ ခုနှစ် မတ် ၃၁ ရက်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူတို့ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း၏ ရှေ့မှောက်၌ ကတိသစ္စာပြုခဲ့ကြစဉ်။



ကြေးမုံ
၁၉၅၇ ခုနှစ် ဒီ ဇွန်လ တွင် စတင်ထုတ်ဝေသည်။ Established in 1957 The Mirror Daily
၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ ကြာသပတေးနေ့ (31-3-2016) (၈၅၂၂)

နှစ် ၅၀ မြန်မာ့သမိုင်းတစ်လျှောက် အမြင့်မားဆုံးအပြောင်းအလဲ

ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏မူဝါဒများဖြင့် ဖွဲ့စည်းသော အစိုးရသစ် စတင်ပြီ

နိုင်ငံတော်သမ္မတတာဝန်လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နိုင်ငံတော်သမ္မတအသစ် ဦးထင်ကျော်ထံ တာဝန်များ လွှဲပြောင်းပေးအပ်

၂၀၁၆ ခုနှစ် မတ် ၃၁ ရက်ထုတ် ကြေးမုံသတင်းစာ၏ မျက်နှာဖုံး အပြင်အဆင်ကို တွေ့ရစဉ်။



ကမ္ဘာ့ဘဏ်၏ အဖွဲ့အစည်းတစ်ခုဖြစ်သည့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းခြင်းအစီအစဉ် ဒုတိယအကြိမ်မြောက်အစည်းအဝေးကို နေပြည်တော်ရှိ Kempinski Hotel ၌ ၂၀၁၆ ခုနှစ် ဇွန် ၂၁ ရက်က ကျင်းပစဉ်။

# နိုင်ငံတော်အစိုးရ၏ တစ်နှစ်မြောက်နှစ်ပတ်လည်နေ့



ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၅ ရက်က ကျင်းပစဉ်။ (ဝဲပုံ)

၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနား၌ ခင်းကျင်းပြသထားသည့် ရိုးရာအဝတ်အထည်များကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြည့်ရှုအားပေးစဉ်။ (အောက်ပုံ)

ငြိမ်းချမ်းရေးရရှိမှ ကျွန်မတို့ ပြည်သူလူထုရဲ့ စိတ်နှလုံးချမ်းသာနိုင်မှာ ဖြစ်ပါတယ်။ ငြိမ်းချမ်းရေး ဆောင်ရွက်ရာမှာ အတိတ်ကို သင်ခန်းစာယူရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ပြည်သူလူထုတိုးတက်နိုင်ဖို့ ရေရှည်မှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ စီးပွားရေးကို ဘယ်လိုမှ ထိန်းသိမ်းထားနိုင်မှာမဟုတ်ပါဘူး။ စီးပွားရေးဘယ်လောက်ပဲ တိုးတက်ပါစေ ငြိမ်းချမ်းမှု မရှိရင် စီးပွားရေးပြိုလဲသွားနိုင်ပါတယ်။

(နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ၂၀၁၆ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)





၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရွာဝဏ်ရတနာ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း အပိုင်း(၁) ရတနာနှင်းဆီ အဆင့်မြင့်အိမ်ရာ (၁၈)ထပ် အဆောက်အအုံသစ်စီမံကိန်းပုံစံငယ်အား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြည့်ရှုစဉ်။

အဆင့်ရှိတယ်ဆိုတာ ပိုက်ဆံကုန်မှ အဆင့်ရှိတာမဟုတ်ပါဘူး။ လုံခြုံမှုလည်းရှိမယ်။ နေထိုင်တဲ့ ပြည်သူပြည်သားများသုံးတဲ့၊ ပြည်သူပြည်သားများရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့လည်း လုံလောက်မယ်၊ ပတ်ဝန်းကျင်နဲ့လည်းဆီလျော်တဲ့ တန်ဖိုးတွေရှိမယ်ဆိုရင် ဒီအိမ်ရာတွေဟာ တန်ဖိုးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေ နေပျော်ပြီး ကျွန်မတို့နိုင်ငံအတွက် ဂုဏ်သိက္ခာရှိတဲ့ အိမ်ရာများဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုဖြစ်လာဖို့ အားလုံးက ဝိုင်းဝန်းကူညီရမှာဖြစ်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်တွေကလည်း စီမံကိန်းများအောင်မြင်အောင် ဝိုင်းဝန်းပြီး အကူအညီပေးကြစေလိုပါတယ်။ အစိုးရတစ်ခုတည်းသာ တာဝန်ရှိတယ်၊ အစိုးရသာလုပ်ရမယ်ဆိုတဲ့ စိတ်ဓာတ်တွေ မမွေးမြူစေလိုပါဘူး။ ဒါဟာ ဒီမိုကရေစီစိတ်ဓာတ်မဟုတ်ပါဘူး။

(၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရွာဝဏ်ရတနာမြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအပိုင်း(၁) ရတနာနှင်းဆီအဆင့်မြင့်အိမ်ရာ (၁၈)ထပ် အဆောက်အအုံသစ်စီမံကိန်း မိတ်ဆက်ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# အမြင်အာရုံလုံးဝပျောက်ဆုံးခဲ့ရသော်လည်း ဘဝကို အလွယ်တကူ အရှုံးမပေးဘဲ ကြိုးစားခဲ့မှုများကြောင့် ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မအေးချမ်းအောင်ကို ရွေးချယ်

နေပြည်တော် မတ် ၂၉

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူများကိုရွေးချယ်၍ ပြည်သူသို့ ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် အသက် (၂၇) နှစ်အရွယ် မအေးချမ်းအောင်ကို ရွေးချယ်ခဲ့သည်။**

**မအေးချမ်းအောင်သည် မွေးရာပါ ညာဘက်မျက်စိ အမြင်အာရုံ ချို့ယွင်းခဲ့ပြီး အသက် (၁၀) နှစ်အရွယ် မူလတန်းပညာသင်ကြားနေစဉ် ဘယ်ဘက်မျက်စိမှာလည်း လုံးဝအလင်းကွယ်ခဲ့သည်။ အမြင်အာရုံလုံးဝ ပျောက်ဆုံးခဲ့ရသော်လည်း ဘဝကို အလွယ်တကူအရှုံးမပေးဘဲ ကြိုးစားခဲ့မှုများကြောင့် ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ မတ်လ ၂၈ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်**
**(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)**

၁။ ပညာရေးသည် လူတစ်ဦးတစ်ယောက်၏ ဘဝတစ်လျှောက် ရှင်သန်ရပ်တည်မှုနှင့် မိမိတည်ရှိရာဝန်းကျင်နှင့် လူ့အဖွဲ့အစည်း၏ တိုးတက်ရာတိုးတက်ကြောင်း အကျိုးပြုနိုင်မှုတို့အတွက် လိုအပ်သောအသိတရား၊ ကျွမ်းကျင်မှုများ၊ စိတ်နေစိတ်ထားနှင့် ဖန်တီးမှုတို့ကို ပျိုးထောင်ပေးခြင်းဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံး မျှော်မှန်းထားသည့် အနာဂတ်နိုင်ငံတော်ကို ယနေ့ခေတ်လူငယ်များ၏ ပညာရေးဖြင့် ခေတ်မီတိုးတက်စေရန် တည်ဆောက်သွားကြရမည်ဖြစ်သည်။ လူငယ်များဟုဆိုရာတွင် ခွဲခြားမှုမရှိဘဲ တန်းတူရည်တူ အညီအမျှကြိုးစားအားထုတ်ခွင့်ရရှိရန် အရေးကြီးလှသည်။ ခေတ်မီတက္ကသိုလ်ပညာရပ်များသာမက အသက်မွေးဝမ်းကျောင်း အတတ်ပညာများသည်လည်း အနာဂတ်လူ့ဘောင်အတွက် အရေးပါသောနယ်ပယ်များပင်ဖြစ်သည်။ နိုင်ငံတော်အပိုင်းက လက်တွေ့ကျသော ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည့် လက်ရှိကာလတွင် လူငယ်လူရွယ်များကလည်း ကောင်းမွန်သော ကြိုးပမ်းအားထုတ်မှုတို့ဖြင့် မိမိတို့ကိုယ်ကို တည်ဆောက်နိုင်ရန် လိုအပ်မည်ဖြစ်သည်။

၂။ အသက် (၂၇) နှစ်အရွယ် မအေးချမ်းအောင်သည် ရခိုင်တိုင်းရင်းသားဖခင် ဦးမြင့်အောင်နှင့် ဓနုတိုင်းရင်းသူ မိခင် ဒေါက်တာဒေါ်သန်းနုတို့မှ ၁၉၉၀ ခုနှစ်တွင် အောင်ပန်းမြို့၌ မွေးဖွားသန့်စင်ခဲ့ပြီး မွေးရာပါအဖြစ် ညာဘက်မျက်စိ အမြင်အာရုံချို့ယွင်းခဲ့သူဖြစ်သည်။ အသက် (၁၀) နှစ်အရွယ် မူလတန်းပညာသင်ကြားနေစဉ် ဘယ်ဘက်မျက်စိမှာလည်း လုံးဝအလင်းကွယ်ခဲ့သဖြင့် အမြင်အာရုံလုံးဝပျောက်ဆုံးခဲ့ရသည်။ သို့ရာတွင် အားငယ်စိတ် အလျဉ်းမရှိ ဘဝကို အလွယ်တကူအရှုံးမပေးဘဲ မိခင်ဖြစ်သူ၏ အားပေးကူညီမှုများဖြင့် ကြိုးပမ်းအားထုတ်ခဲ့ရာ ၂၀၀၆ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို အင်္ဂလိပ်၊ သမိုင်း၊ ဘောဂဗေဒ သုံးဘာသာဂုဏ်ထူး၊ ရမှတ် ၄၈၁ မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲ ပထမအဆင့်ဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့ပြီးနောက် ၂၀၁၀ ခုနှစ်တွင် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ B.A(English)ဘွဲ့ကို ရရှိခဲ့သည်။ ထို့အပြင် ရွှေမင်းသားဖောင်ဒေးရှင်းမှ ဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်းကိုလည်း တက်ရောက်အောင်မြင်ခဲ့သည်။

၃။ ထို့နောက် မအေးချမ်းအောင်သည် အမြင်အာရုံချို့ယွင်းသည့် လူငယ်များ၏ ပညာမျက်စိအလင်းဖွင့်ကာ ဘဝအနေအထားမြင့်မားစေလိုသည့် စိတ်ရင်းစေတနာဖြင့် ၂၀၁၂ ခုနှစ်တွင် ရမည်းသင်းမျက်မမြင်ကျောင်း၌ စေတနာ့ဝန်ထမ်း လုပ်အားပေးဆရာမအဖြစ် သွားရောက်သင်ကြားပေးခဲ့သည်။ တစ်ဖန် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ ခေါ်ယူသည့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းသို့ တက်ရောက်ခဲ့သည်။ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ခဲ့ရသူများကို သာမန်လူများနှင့်မခြား နယ်ပယ်စုံတွင် တန်းတူညီမျှ ဆက်ဆံမှုရရှိနိုင်ရေးကိစ္စရပ်များ ဆက်လက်ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားတက္ကသိုလ်ကြီးတစ်ခုတွင် Public Policy ပြည်သူ့ရေးရာမူဝါဒပညာရပ်နှင့်ပတ်သက်သည့် မဟာဘွဲ့ရယူသွားရန် စိတ်ပိုင်းဖြတ်ထားသူလည်းဖြစ်သည်။ ယခုအခါ မိခင်ဖြစ်သူနှင့်အတူ အောင်ပန်းမြို့တွင် နေထိုင်ရင်း အင်္ဂလိပ်-မြန်မာဘာသာပြန်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလျက်ရှိသည်။

၄။ သို့ဖြစ်၍ ယခုနှစ် ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မအေးချမ်းအောင်အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။ မအေးချမ်းအောင်နည်းတူ နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများအနေဖြင့် မလျှော့သောဇွဲ၊ မပြတ်သည့်လုံ့လ၊ ခိုင်မာသောဝီရိယတို့ကို အရင်းခံလျက် တက်စွမ်းသမျှကြိုးပမ်းဆောင်ရွက်ကာ နိုင်ငံတော်နှင့် ပြည်သူအတွက် အလုပ်အကျွေးပြုနိုင်သော သားကောင်းရတနာများ ဖြစ်ကြပါစေရန် မေတ္တာရပ်ခံလျက် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

## ပညာအလင်းနဲ့ အမှောင်ခွင်းခဲ့သူ မအေးချမ်းအောင်

အသက်(၂၆)နှစ်အရွယ် မအေးချမ်းအောင်သည် ရခိုင်တိုင်းရင်းသား ဖခင် ဦးမြင့်အောင်နှင့် ဓနုတိုင်းရင်းသူ မိခင် ဒေါက်တာဒေါ်သန်းနုတို့မှ ၁၉၉၀ ခုနှစ်တွင် အောင်ပန်းမြို့၌ မွေးဖွားသန့်စင်ခဲ့ပြီး မွေးရာပါအဖြစ် ညာဘက်မျက်စိ အမြင်အာရုံချို့ယွင်းခဲ့သူဖြစ်ပါသည်။ အသက်(၁၀)နှစ်အရွယ် မူလတန်းပညာသင်ကြားနေစဉ် ဘယ်ဘက်မျက်စိမှာလည်း လုံးဝအလင်းကွယ်ခဲ့သဖြင့် အမြင်အာရုံ လုံးဝပျောက်ဆုံးခဲ့ရပါသည်။ သို့ရာတွင် အားငယ်စိတ်အလျဉ်းမရှိ ဘဝကိုအရှုံးမပေး၊ မိခင်ဖြစ်သူ၏ ထုဆစ်ပုံဖော်မှုများကို ခိုင်မာသည့် စိတ်ဓာတ်၊ ထက်သန်သည့် လုံ့လဝီရိယတို့ဖြင့် ကြိုးပမ်းအားထုတ်ခဲ့ရာ ၂၀၀၆ ခုနှစ်တွင် အခြေခံပညာအထက်တန်းကို အင်္ဂလိပ်၊ သမိုင်း၊ ဘောဂဗေဒ သုံးဘာသာဂုဏ်ထူး၊ ရမှတ် ၄၈၁ မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲ ပထမအဆင့်ဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့ပြီးနောက် မရပ်မနား ကြိုးပမ်းမှုဖြင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်မှ B.A (English)ဘွဲ့ကို ၂၀၁၀ ခုနှစ်တွင် ရရှိခဲ့ပါသည်။ ထို့အပြင် ရွှေမင်းသားဖောင်ဒေးရှင်းက ဖွင့်လှစ်သည့် ကွန်ပျူတာသင်တန်းကိုလည်း တက်ရောက်အောင်မြင်ခဲ့ပါသည်။

ထို့နောက် မအေးချမ်းအောင်သည် အမြင်အာရုံချို့ယွင်းသည့် လူငယ်များအား ပညာအလင်းဖွင့်ကာ ဘဝအနေအထားမြင့်မားစေလိုသည့် စိတ်ရင်းစေတနာဖြင့် ၂၀၁၂ ခုနှစ်တွင် ရမည်းသင်း မျက်မမြင်ကျောင်း၌ စေတနာ့ဝန်ထမ်း လုပ်အားပေးဆရာမအဖြစ် သွားရောက်သင်ကြားပေးခဲ့ပါသည်။ တစ်ဖန် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ကခေါ်ယူသည့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းသို့ တက်ရောက်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ခဲ့ရသူများကို သာမန်လူများနည်းတူ နယ်ပယ်စုံတွင် တန်းတူညီမျှ ဆက်ဆံမှုရရှိနိုင်ရေးကိစ္စရပ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားတက္ကသိုလ်ကြီးတစ်ခုတွင် Public Policy ပြည်သူ့ရေးရာမူဝါဒပညာရပ်ဆိုင်ရာ မဟာဘွဲ့ရယူသွားရန် စိတ်ပိုင်းဖြတ်ထားသူလည်း ဖြစ်ပါသည်။ ယခုအခါ မိခင်ဖြစ်သူနှင့်အတူ အောင်ပန်းမြို့တွင် နေထိုင်ရင်း အင်္ဂလိပ်-မြန်မာဘာသာပြန်ခြင်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလျက်ရှိပါသည်။






## မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း စတင်ဖွဲ့စည်း

**ရန်ကုန် မတ် ၂၉**
မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဖွဲ့စည်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့ရင်ပြင်အတွင်းရှိ Western Part Ruby ခန်းမ၌ ကျင်းပရာ သဘာပတိများအဖြစ် ဆရာကြီး ဦးသန်းညွန့်(မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း-ဗဟို-ဥက္ကဋ္ဌ)၊ ဆရာဦးအောင်မြတ်ကျော်(ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း-တိုင်းရင်းဆေးပညာဦးစီးဌာန)နှင့် ဦးဝင်းမြင့်(ညွှန်ကြားရေးမှူး-ငြိမ်း-သု/ဖွံ့-တိုင်းရင်းဆေးပညာဦးစီးဌာန)တို့က ဆောင်ရွက်ကြသည်။

သဘာပတိအဖွဲ့ဝင် ဆရာဦးအောင်မြတ်ကျော်က "သဘာပတိအဖွဲ့ဝင်များဟာ အသင်းကြီးပေါ်ပေါက်လာရေးအတွက် စေတနာနဲ့ ကူညီတာပဲဖြစ်ပါတယ်။ ယာယီဖွဲ့စည်းမယ့်အသင်းလေးပဲရှိပါသေးတယ်။ အသင်းကြီးလို့မထင်ပါနဲ့ဦး။ အသင်းကြီးဖြစ်ပေါ်လာဖို့အတွက် လုပ်ငန်းစဉ်အဆင့်ဆင့် များစွာရှိပါသေးတယ်။ ဘယ်လောက်ကြာနိုင်မလည်းဆိုတော့ လေးလ၊ ငါးလလောက် အနည်းဆုံးပဲ၊ တစ်နှစ်လည်းကြာနိုင်သလို ဒီထက်ပိုပြီးတော့လည်း ကြာသွားနိုင်ပါတယ်။ အဖွဲ့ဝင်တွေကြိုးစားရင် ကြိုးစားသလောက် မြန်သွားနိုင်ပါတယ်။ ဒါ့ကြောင့် အခုတက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေက စိတ်ကိုပေါ့ပေါ့ပါးပါးထားပြီး လွတ်လွတ်လပ်လပ် ဆွေးနွေးပေးကြပါ။ အခုယာယီအဖွဲ့ဝင်တွေကို ရွေးချယ်မယ်ဆိုရင် လုပ်နိုင်ကိုင်နိုင် သွက်သွက်လက်လက် လူငယ်တွေကို ဦးစားပေးရွေးချယ်ဖွဲ့စည်းနိုင်ရင် ပိုကောင်းပါတယ်။ အခုတင်ပြထားတဲ့ လူစာရင်း အတည်မဖြစ်သေးပါဘူး။ ပြုပြင်လို့ရပါသေးတယ်။ လိုအပ်တာရှိရင် ဟာကွက်လေးရှိရင်လည်းအကြံပြုဆွေးနွေးပေးကြပါ။ အသင်းကြီးဖြစ်ပေါ်လာဖို့အတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးသွားကြပါ"ဟု အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဦးမောင်မောင်ဦး (ဂရိတ်ဝေါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)က အသင်းဖြစ်ပေါ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် နောက်ခံသမိုင်းကြောင်းများကို ရှင်းလင်းတင်ပြသည်။ တက်ရောက်လာသူများက အသင်းဖြစ်ပေါ်လာရေးအတွက် အကြံပြုတင်ပြဆွေးနွေးကြပြီး ယာယီအသင်းဖွဲ့စည်းရေးအတွက် အသင်းအဖွဲ့ဝင် လူဦးရေ ၄၁ ဦးကို စုစည်းဖွဲ့စည်းခဲ့ပြီး အသင်းဖြစ်မြောက်ရေးယာယီလုပ်ငန်းကော်မတီကို အတည်ပြုရာတွင် ဥက္ကဋ္ဌ ဦးမောင်မောင်ဦး (ဂရိတ်ဝေါ)နှင့် အတွင်းရေးမှူးများ၊ ဘဏ္ဍာရေးမှူးများကို တက်ရောက်လာသူများက ရွေးချယ်ပေးခဲ့သည်။

ထို့နောက် ဆရာကြီး ဦးသန်းညွန့် (ဥက္ကဋ္ဌ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း-ဗဟို)က မှာကြားစကား ပြောကြားခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၁) စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၂၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ် အမှတ် (၁) စိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိပြီး စိုက်ပျိုးမွေးမြူရေးစခန်းအတွင်းရှိ ခေတ်မီအအေးပေးစနစ်ဖြင့် Novogen Brown ဥစားကြက်များ မွေးမြူထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုသည်။**(ယာပုံ)**

ဆက်လက်ပြီး Green House များဖြင့် စိုက်ပျိုးထားရှိသည့် ကိုက်လန်၊မုန်ညင်း၊ ပန်းဂေါ်ဖီစိုက်ပျိုးခြံများကို လှည့်လည်ကြည့်ရှုသည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် စိုက်ပျိုးမွေးမြူရေးစခန်း သုံးခုရှိပြီး ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကြက်သားပေါက် ၇၆၀၀၀၀ကျော်၊ ဝက်သားပေါက် ၅၉၅ ကောင်၊ ကြက်သား ၁၄၉၀၂၄၇ ပိဿာ၊ ဝက်သား ၂၀၁၈၈၄ ပိဿာ၊ ဆိတ်သား ၄၇၃၅ ပိဿာ၊ အမဲသား ၂၇၃၁၈ ပိဿာ၊ဘဲသား ၉၆၁၂ ပိဿာ၊ငါးပိဿာ ၄၅၀၂၂၀၊ ဘဲဥအလုံး ၁၁၂၅၈၇၀၊ ကြက်ဥ ၂၂၀၂၆၈၂၄ လုံး၊ နွားနို့ ၁၃၈၉၂၁ ပိဿာတို့ကို ထုတ်လုပ်နိုင်ခဲ့ပြီး သက်ဆိုင်ရာ တပ်ရင်း၊တပ်ဖွဲ့များ၏ ရိက္ခာစိုပေးသွင်းခြင်းနှင့် တပ်မိသားစုများသာမက ပြင်ပသို့ပါ သက်သာသော စျေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့သည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့သည် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၏ ဝတ္တကနယ်မြေအတွင်း၌ တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်၊ အလှူရှင်များက တည်ဆောက်လှူဒါန်းသည့် သီရိမင်္ဂလာမဟာသာသနာ့ ဗိမာန်တော်ကြီး တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**❖ နိုင်ငံတော်အစိုးရမှ**

မြန်မာရေလုပ်သား ၈၈ ဦး၏ အချက်အလက်စာရင်းများကို လွှဲပြောင်းပေးအပ်ကြရာ အဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက စိစစ်လက်ခံပြီး ပို့ဘလဲယားလေဆိပ်မှထွက်ခွာခဲ့ရာ ညနေ ၅ နာရီ မိနစ်၂၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

ပြန်လည် ရောက်ရှိလာသည့် မြန်မာရေလုပ်သားများအား ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှတာဝန်ရှိသူများ၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး အားပေးစကား ပြောကြားကြသည်။

ထို့နောက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရေလုပ်သားများအတွက် ကျားလုံချည်၊တီရှပ်၊ တဘက်စသည်တို့ကိုလည်းကောင်း၊ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းက ခရီးစရိတ်အဖြစ် ငွေကျပ် ၂၅၀၀၀ နှင့် လွယ်အိတ်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့က မြန်မာရေလုပ်သားများအား နေရပ်ဒေသအသီးသီးသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးကြသည်။



**မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။**

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် မြန်မာရေလုပ်သား ၈၈ ဦးတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၆၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ခုနစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၂ ဦးနှင့် မွန်ပြည်နယ်မှ တစ်ဦးတို့ ဖြစ်သည်။

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၏ မှတ်တမ်းများအရ ၁၉၈၈ ခုနှစ်ခန့်ကစ၍ မြန်မာရေလုပ်သားများကို စတင်ခေါ်ယူခဲ့သည်။ ယခင်က လေကြောင်းလိုင်းများ၊ အိန္ဒိယနိုင်ငံကမ်းခြေစောင့်သင်္ဘောများဖြင့် ပြန်လည်ခေါ်ယူခဲ့ပြီး ၂၀၁၁ ခုနှစ်ခန့်မှစ၍ စင်းလုံးငှားလေယာဉ်များဖြင့် ပြန်လည်ခေါ်ယူခဲ့ရာ ၂၀၁၁ ခုနှစ်တွင် လေယာဉ် နှစ်ခေါက်ဖြင့် ရေလုပ်သား ၁၄၂ ဦး၊ ၂၀၁၃ခုနှစ်တွင် လေယာဉ်နှစ်ခေါက်ဖြင့် ရေလုပ်သား ၁၂၃ ဦး၊ ၂၀၁၅ခုနှစ် ဇန်နဝါရီလတွင် လေယာဉ်သုံးခေါက်ဖြင့် ရေလုပ်သား ၄၁၁ ဦးနှင့် နိုဝင်ဘာလတွင် လေယာဉ်နှစ်ခေါက်ဖြင့် ၂၄၃ ဦး၊ ၂၀၁၆ခုနှစ်တွင်လေယာဉ်နှစ်ခေါက်ဖြင့် ရေလုပ်သား၂၆၂ဦး စုစုပေါင်းမြန်မာရေလုပ်သား ၁၁၈၁ ဦးကို နိုင်ငံတော်အစိုးရက ပြန်လည်ခေါ်ယူပေးခဲ့ကြောင်း သိရသည်။

**သတင်း-ကိုကိုဇော်**

**ဓာတ်ပုံ-ဇော်မင်းလတ်**

## သီတဂူကျောင်းအလှူ အထူးဓမ္မသဘင် ကျင်းပမည်

**ရန်ကုန် မတ် ၂၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးအနောက်ပိုင်းရပ်ကွက် မန္တလေးလမ်းဖွင့်ပွဲကို ပြုလုပ်မည်ဖြစ်ရာ လမ်းဖွင့်ပွဲအထိမ်းအမှတ် သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)တိုးချဲ့ကျောင်းဆောင်သစ် ကျောင်းအလှူတော် အထူးဓမ္မသဘင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ထိုအထူးဓမ္မသဘင်ကျင်းပမည့် ဧပြီ ၁ ရက် ည ၇ နာရီတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ အဓိပတိ၊ တွဲဖက်ရွှေကျင်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်ဖြစ်ကြောင်းသိရသည်။**(ကြေးမုံ)**

**❒ ရခိုင်ပြည်နယ်တောင်ပိုင်းမှ**

ကောင်စစ်ဝန် Mr. Lichiro MARUYAMA က ကစ္ဆပနဒီ(၁) ခရီးသည်တင်အမြန်ရေယာဉ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး Mr.Tateshi HIGUCHI နှင့် တာဝန်ရှိသူများက ရေယာဉ်လွှဲပြောင်းပေးအပ်ခြင်းအထိမ်းအမှတ်ဖဲကြိုးကို ဖြတ်ပေးကြပြီး ကစ္ဆပနဒီ(၁) ရေယာဉ်ရှိ ဂျပန်-မြန်မာချစ်ကြည်ရေး အထိမ်းအမှတ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းခဲ့ကြကာ အဆိုပါအမြန်ရေယာဉ်ဖြင့် ကစ္ဆပနဒီမြစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ ကစ္ဆပနဒီ(၁) ခရီးသည်တင်ရေယာဉ်သည် အလူမီနီယံကိုယ်ထည်ဖြင့် တည်ဆောက်ထားပြီး အလျား ၂၉ ဒသမ ၉၀ မီတာ၊ရေစူး ၁ ဒသမ ၆ မီတာရှိပြီး ခရီးသည် ၁၄၂ ဦး တင်ဆောင်နိုင်ကာ တစ်နာရီလျှင် ရေမိုင် ၂၀ မောင်းနှင်နိုင်ကြောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် လေကြောင်းနှင့် ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၏ တရားဝင် ဖွံ့ဖြိုးမှုအကူအညီအထောက်အပံ့အစီအစဉ်ဖြင့် စီမံကိန်းအသစ်ရှစ်ခုချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယင်းအစီအစဉ်များအနက် ကမ်းရိုးတန်းနှင့် မြစ်တွင်းသွား ခရီးသည်တင်ရေယာဉ် သုံးစင်းလှူဒါန်းရေးနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် မြန်မာနှင့်ဂျပန်နိုင်ငံတို့မှတာဝန်ရှိသူများက အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **သတင်းနှင့် ဓာတ်ပုံ-ရာမည၊ တင်စိုး**

# ကျေးရွာချင်းဆက် ကြိုးတံတားသစ် ဖွင့်လှစ်



**မံစီ မတ် ၂၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့သော သံတံတား-မလင်ကျေးရွာချင်းဆက် ကြိုးတံတား ပေ၂၂၀ ကို မတ် ၁၂ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ပြီး မတ် ၂၉ ရက် နံနက် ၁၀ နာရီတွင် ဗန်းမော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်နှင့် မံစီမြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကြိုးတံတားဆောက်လုပ်ပြီးစီးခဲ့မှုကြောင့် ကျေးရွာနေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စွာ သွားလာနိုင်ပြီဖြစ်ကြောင်း ကျေးရွာနေ ပြည်သူများ၏ ဝမ်းသာပီတိစကားသံကိုလည်း ကြားသိရသည်။

**(ကြေးမုံ)**

**❂ အာရှ ယူ-၁၉မှ**

အနိုင်ရခဲ့သည်။

ယခုပွဲအပြီးတွင် ကွာတားဖိုင်နယ်တက်ရောက်သည့် အသင်းအများစုထွက်ပေါ်လာပြီဖြစ်ပြီး မတ် ၃၀ ရက်တွင် ကစားမည့် အုပ်စုနောက်ဆုံးပွဲတွင် ပထမနေရာအတွက်သာ အဓိကယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးနှစ်သင်းစီမှာ ကွာတားဖိုင်နယ်တက်ခွင့်ရမည်ဖြစ်ပြီး ကွာတားပွဲများမကစားမီ အဆင့်သတ်မှတ်ရန် ဒုတိယအဆင့်အုပ်စုပွဲများ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကျန်အသင်းများမှာ အဆင့် (၉)နေရာမှ (၁၁)နေရာ လုပွဲအတွက် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်ကာ အုပ်စု(ဃ) မှ ကာဇက်စတန်အသင်းမှာ ပြိုင်ပွဲနီးမှ ထပ်မံနုတ်ထွက်သွားခဲ့သည်။ ယင်းပြိုင်ပွဲကို ပရိသတ်များအခမဲ့လာရောက်အားပေးကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း-ရဲရင့်ရှိုင်း**

**ဓာတ်ပုံ-ကိုကိုစိုးညွန့်**

## ပါဠိပထမပြန်စာမေးပွဲ စတင်ဖြေဆို

**ရန်ကုန် မတ် ၂၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၁၃၇၈ ခုနှစ်၊ (၂၀၁၇ ခုနှစ်) ပါဠိပထမပြန်စာမေးပွဲကို မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ မတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ သက်ဆိုင်ရာ စာဖြေဌာနများတွင် သံဃာတော်၊ သီလရှင်၊ လူပုဂ္ဂိုလ်များ စတင်ဖြေဆိုလျက်ရှိကြရာ အင်းစိန်မြို့နယ်တွင်လည်း ပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ အင်းစိန်မြို့နယ် အောင်ဆန်းအထက(၃) စာဖြေဌာန၌ မတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ စုစုပေါင်း ၉၇၁ ပါးတို့ ပထမကြီးတန်း ဒွေးမာတိကာ၊ ဓမ္မပဒဘာသာ၊ ပထမလတ်၊ ပထမငယ်၊ ဘိက္ခုပါတိမောက်ဘာသာနှင့် အခြေပြု မူလတန်းအတွက် သုကုမာရမဂ္ဂဒီပနီဘာသာ၊ လူပုဂ္ဂိုလ်များနှင့် သီလရှင်များအတွက် ဓမ္မပဒဘာသာ စုစုပေါင်း ၈၄၁ ပါး ဖြေဆိုကြသည်။

ဘာသာအလိုက် ဖြေဆိုနေမှုများကို မြို့နယ်အတွင်းရှိ ဂိုဏ်းပေါင်းစုံ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ အင်းစိန်မြို့နယ် ပါဠိပထမပြန် စာမေးပွဲကြီးကြပ် ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တက္ကန္ဒာစာရ ကိုယ်တိုင်ကြီးကြပ်တော်မူပြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ် သာသနာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အတွင်းရှိ ကျောင်းဆရာများနှင့် ပူးပေါင်းကာ စာဖြေလွှာများအား အတန်းလိုက် ကြိုးချည်၊ အပ်ချုပ်၊ အိတ်ထဲထည့်၊ ချိပ်ပိတ် စနစ်တကျလုံခြုံစွာ သာသနာရေးဦးစီးဌာနသို့ ပြန်လည်အပ်နှံရန် ပြုလုပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မေဇ)**

## မျက်စိနှစ်လုံး အလင်းမရခဲ့သော်လည်း မလျှော့သောဇွဲဖြင့် ကြိုးစားနေသည့် မအေးချမ်းအောင်




**မအေးချမ်းအောင်**

အသံဖမ်းစက်မှ ထွက်ပေါ်လာသည့် စကားသံများကို အာရုံစိုက်နားထောင်ရင်း ကျင့်သားရနေသည့် လက်များက ကွန်ပျူတာပေါ် လက်တင်၍ တချောက်ချောက်ဖြင့် စာရိုက်နေသည့် အမြင်အာရုံချို့ယွင်းနေသည့် မိန်းကလေးငယ်တစ်ဦး။

"နာမည်ကသာ အေးချမ်းအောင်၊ ဘဝကမအေးချမ်းဘူး။ အမြဲတမ်းကြိုးစားနေရတယ်။ သူများတွေနဲ့မှ မတူတာ"ဟု မိမိကိုယ်ကိုယုံကြည်မှုအားမာန်အပြည့်ဖြင့် မအေးချမ်းအောင်က ဆိုသည်။

လူ့ခန္ဓာကိုယ်တစ်ခုလုံး၏ အရေးကြီးဆုံး အစိတ်အပိုင်းဖြစ်သည့် မျက်စိနှစ်လုံး အမြင်အာရုံသည် သူကလေးဘဝကတည်းက ချို့တဲ့ခဲ့သော်လည်း ဘဝကို အရှုံးမပေးဘဲ ကြိုးစားနေသည့် မအေးချမ်းအောင်။

မအေးချမ်းအောင်သည် မွေးရာပါ ညာဘက်မျက်စိ အမြင်အာရုံချို့ယွင်းခဲ့ပြီး အသက်(၁၀)နှစ်အရွယ် မူလတန်းပညာသင်ကြားနေစဉ် ဘယ်ဘက်မျက်စိမှာလည်း လုံးဝအလင်းကွယ်ခဲ့ကာ အမြင်အာရုံ ပျောက်ဆုံးခဲ့ရသည်။

သူ့အနေဖြင့် အားငယ်စိတ် မဖြစ်စေဘဲ ဘဝကို အလွယ်တကူ အရှုံးမပေးဘဲ မိခင်ဖြစ်သူ၏ အားပေးကူညီမှုဖြင့် ကြိုးပမ်းအားထုတ်ခဲ့ရာ အခြေခံပညာ အထက်တန်းကို အင်္ဂလိပ်၊ သမိုင်း၊ ဘောဂဗေဒဖြင့် သုံးဘာသာဂုဏ်ထူး၊ ရမှတ် ၄၈၁ မှတ်ဖြင့် မြန်မာတစ်နိုင်ငံလုံး ဝိဇ္ဇာဘာသာတွဲ ပထမအဆင့်ဖြင့် ထူးထူးချွန်ချွန် အောင်မြင်ခဲ့ပြီး မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဘီအေအင်္ဂလိပ်ဘွဲ့ကို ရရှိသည်။

မအေးချမ်းအောင်အနေဖြင့် ဘဝတစ်လျှောက် အခက်အခဲများ၊ စိတ်အားငယ်မှုများ ကြုံတွေ့ရသည့်အခါတိုင်း မသန်စွမ်းပေမယ့် ထူးချွန်ထက်မြက်သည့် မစုပုံချစ်ကို စံနမူနာထားပြီး အခက်အခဲများ စိတ်ပျက်အားငယ်မှုများကို ဖြေဖျောက်ခဲ့ကြောင်း ပြောသည်။

"စိတ်ညစ်စရာတွေ၊ အားငယ်စရာတွေကြုံရင် မစုပုံချစ်အကြောင်း ပြန်တွေးတယ်။ သူက ကျွန်မ အလေးစားရဆုံးသူပါ"ဟု မအေးချမ်းအောင်က ဆိုသည်။

မအေးချမ်းအောင်သည် အမြင်အာရုံချို့ယွင်းသည့် လူငယ်များ၏ ပညာမျက်စိအလင်းဖွင့်ကာ ဘဝအနေအထား မြင့်မားစေလိုသည့် စိတ်ရင်းစေတနာဖြင့် ၂၀၁၂ ခုနှစ်တွင် ရမည်းသင်း မျက်မမြင်ကျောင်း၌ စေတနာ့ဝန်ထမ်းလုပ်အားပေးဆရာမအဖြစ် သွားလုပ်ခဲ့သည်။

"မျက်မမြင်ကျောင်းမှာ ကလေးတွေရှိပြီး သင်ပေးမယ့်သူမရှိတာနဲ့ နှစ်လ သွားလုပ်တယ်။ ကလေးတွေ စိတ်ဓာတ်တက်ကြွအောင် ပုံပြင်လေးတွေပြောပြတယ်။ မသန်စွမ်းတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတစ်ယောက်အကြောင်း ပြောပြတယ်။ ကလေးတွေ စိတ်ဓာတ်က ကိုယ့်ထက်ထက်သန်နေတယ်" ဟု မအေးချမ်းအောင်က ပြောသည်။

မအေးချမ်းအောင်အနေဖြင့် တက္ကသိုလ်မှ ဘွဲ့ရပြီးသော်လည်း ဘဝအတွက် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် အင်္ဂလိပ်-မြန်မာ ဘာသာပြန်လုပ်ငန်းကို လေ့လာခဲ့ပြီး တစ်ဖက်တွင်လည်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ ခေါ်ယူသည့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှု မြှင့်တင်ရေး သင်တန်းသို့ တက်ရောက်ခဲ့သည်။

လက်ရှိအချိန်တွင် အင်္ဂလိပ်-မြန်မာ ဘာသာပြန်လုပ်ငန်းဖြင့် ဘဝအသက်မွေးဝမ်းကျောင်းကို လုပ်ကိုင်နေပြီး မိခင်ဖြစ်သူကို လုပ်ငန်းမှရရှိသည့် ဝင်ငွေဖြင့် တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးနေသည် ဟု ၎င်းကပြောသည်။

"ဘာသာပြန်ကောင်း တစ်ယောက်ဖြစ်အောင် ကြိုးစားနေတယ်။ အခွင့်အရေး ရလာမယ်ဆိုရင်တော့ ဘွဲ့လွန်တစ်ခုရချင်သေးတယ်။ မသန်စွမ်းကလေးတွေအတွက်လည်း ကိုယ်တတ်နိုင်တဲ့ဘက်က လုပ်ပေးချင်တယ်" ဟု အနာဂတ်ရည်မှန်းချက်နှင့်ပတ်သက်ပြီး မအေးချမ်းအောင်က ဆိုသည်။

ပညာရေးသည် လူတစ်ဦးတစ်ယောက်၏ ဘဝတစ်လျှောက် ရှင်သန်ရပ်တည်မှုနှင့် မိမိတည်ရှိရာ ဝန်းကျင်နှင့် လူ့အဖွဲ့အစည်း၏ တိုးတက်ရာတိုးတက်ကြောင်း အကျိုးပြုနိုင်မှုတို့အတွက် လိုအပ်သောအသိတရား ကျွမ်းကျင်မှုများ၊ စိတ်နေစိတ်ထားနှင့် ဖန်တီးမှုတို့ကို ပျိုးထောင်ပေးခြင်းဖြစ်သည်ကို မအေးချမ်းအောင်က သက်သေသာဓကပြလိုက်သည်။

ငယ်စဉ်ကတည်းက မျက်စိနှစ်လုံး အလင်းမရခဲ့သော်လည်း မလျှော့သောဇွဲ၊ မပြတ်သောလုံ့လ၊ ခိုင်မာသော ဝီရိယတို့ဖြင့် ပညာရေးတွင် ထူးချွန်ထက်မြက်စွာ ကြိုးစားနိုင်ရုံသာမက လူမှုအကျိုးပြုလုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် မအေးချမ်းအောင်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယခုနှစ် ဖေဖော်ဝါရီလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် မှတ်တမ်းတင်ဂုဏ်ပြုလိုက်သည်။

မအေးချမ်းအောင်က "မျက်စိနှစ်လုံး အလင်းပြန်ရမယ်ဆိုရင် အမေနဲ့ကိုယ့်ပတ်ဝန်းကျင်မှာ တစ်ချိန်လုံး ရှိနေပေးတဲ့ သူငယ်ချင်းတွေကို ပထမဆုံး မြင်ချင်တယ်" ဟု ဆိုသည်။

အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းဖြစ်ခဲ့ရသူများကို သာမန်သူများနှင့်မခြား နယ်ပယ်စုံတွင် တန်းတူညီမျှ ဆက်ဆံမှုရရှိနိုင်ရေးကိစ္စရပ်များ ဆက်လက်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားတက္ကသိုလ်ကြီးတစ်ခုတွင် ပြည်သူ့ရေးရာမူဝါဒပညာရပ်နှင့်ပတ်သက်သည့် မဟာဘွဲ့ရယူရန် စိတ်ပိုင်းဖြတ်ထားသူလည်းဖြစ်သည်။

အသက်(၂၇)နှစ်အရွယ် မအေးချမ်းအောင်သည် ရခိုင်တိုင်းရင်းသားဖခင် ဦးမြင့်အောင်နှင့် ဓနုတိုင်းရင်းသူမိခင် ဒေါက်တာဒေါ်သန်းနုတို့က ၁၉၉၀ ပြည့်နှစ်တွင် အောင်ပန်းမြို့၌ မွေးဖွားသန့်စင်ခဲ့သူဖြစ်သည်။

**သတင်းဆောင်းပါး-မင်းသစ်**

**ဓာတ်ပုံ-ACA**

## နွေရာသီကြက်ခြေနီလူငယ်လေ့ကျင့်ရေး စခန်းသွင်း သင်တန်းဖွင့်

**ထားဝယ် မတ် ၂၉**

နွေရာသီကြက်ခြေနီလူငယ်လေ့ကျင့်ရေးစခန်းသွင်း (ရှေးဦးပြုစုခြင်းသာမန်အဆင့်)သင်တန်းဖွင့်ပွဲကို မတ် ၂၈ ရက်က ထားဝယ်မြို့ ထားဝယ်ပညာရေးကောလိပ်သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်မာမာလေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးကြက်ခြေနီကြီးကြပ်မှုကော်မတီအဖွဲ့ဝင် ဦးကိုကိုနိုင်ပါနည်းပြလေးဦးက သင်တန်းသား သင်တန်းသူ ၁၄၀ အား ကြက်ခြေနီလှုပ်ရှားမှုရှေးဦးပြုစုခြင်း၊ ခန္ဓာကိုယ်တည်ဆောက်ပုံနှင့်လုပ်ငန်းများ၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့်သွေးယိုစီးခြင်းစသည့် ဘာသာရပ်ခေါင်းစဉ်များဖြင့် မတ် ၂၉ ရက်မှ ဧပြီ ၃ ရက်အထိ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်




## အောင်ကြီးကျေးရွာ၌ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲဖွင့်

**ညောင်လေးပင် မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အောင်ကြီးကျေးရွာ မြစိမ်းရောင်ကော်မတီနှင့် လှည်းဆိပ်ကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့တို့ ကြီးမှူးကျင်းပသော အသက်(၁၅)နှစ်အောက် ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို မတ် ၂၆ ရက်က အောင်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ ဘောလုံးကွင်း၌ကျင်းပရာ ကွင်းဖွင့်ပွဲအဖြစ် ရွှေဝါထွန်းအသင်းနှင့် ရေတွင်းကုန်းအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါဘောလုံးပွဲကို မတ် ၂၆ ရက်မှ ဧပြီ ၂၃ ရက်အထိ ကျေးရွာများချစ်ကြည်ရေးအဖြစ် အလုပ်စုကျေးရွာ၊ ရေတွင်းကုန်းကျေးရွာ၊ ဂျောင်းတာကျေးရွာ၊ ရွှေဝါထွန်းကျေးရွာ၊ ချောင်းရင်းကျေးရွာ၊ ဆာဆေးကျေးရွာ၊ ကဒါးကျေးရွာ၊ သဲကျော်ကျေးရွာ၊ ငါးကြီးအိုင်ကျေးရွာ၊ အောင်ကြီးကျေးရွာ၊ ကညင်နှစ်ပင်ကျေးရွာ စုစုပေါင်းကျေးရွာ ၁၁ ရွာမှ ဘောလုံးအသင်း ၁၁ သင်းဖွဲ့စည်းကာ အသက်(၁၅)နှစ်အောက်(အရပ် ၅ ပေ ၂ လက်မအောက်) လူငယ်များ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**



**သင်္ကြန်ကာလအတွင်း မှုခင်းများမဖြစ်ပွားစေရေးအတွက် မှုခင်းအသိပညာပေးဟောပြောပွဲကို မတ် ၂၃ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၀၈) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ပြုလုပ်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း မှုခင်းအသိပညာပေးဟောပြောနေစဉ်။** (ကြေးမုံ)

ပြည်တွင်းရေးရာ



## မြေကြီးတွင်းတူးရာမှ ရှေးဟောင်းဆင်းတုတော်များနှင့် အခြားပစ္စည်းများတွေ့ရှိ

**ဖြူး မတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျီးမနိုးကွင်း(၂)အတွင်းရှိ ဦးစိန်ဝင်း ပိုင်ဆိုင်သောတဲ၌ ရှေးဟောင်းပစ္စည်းဟု ယူဆရသော ဆင်းတုတော်များနှင့် အခြားပစ္စည်းများအား မြေကြီးတွင်းတူးရာမှ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၄ ရက် နံနက် ၇ နာရီခွဲခန့်က ဦးစိန်ဝင်းသည် သူပိုင်သည့် လယ်တဲတွင် နွားစားခွက်ထားရှိရန် တိုင်တွင်းတူးရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ တွေ့ရှိသောပစ္စည်းများမှာ အမြင့်တစ်လက်မခွဲခန့်ရှိ ဆင်းတုတော်ငါးဆူ၊ အလေးချိန်တစ်ပိဿာခန့်ရှိ အညိုရောင်ကြေးဖြင့် ပြုလုပ်ထားသောနွားရုပ်တစ်ခု၊ ခြသေ့်ပုံပါကြေးကွမ်းညှပ်တစ်ခု၊ ၁၂၁၄ ခုနှစ် စာတန်းပါ ဒေါင်းဒင်္ဂါးပြားတစ်ခု၊ ကျားဝတ်ကျောက်နီပါငွေလက်စွပ်တစ်ကွင်း၊ ကျောက်နီပါမဝတ်ငွေလက်စွပ်တစ်ကွင်း၊ ပုလဲကိုးလုံးပါ လက်ပတ်တစ်ခုနှင့် ကိုလိုနီခေတ်သုံးအကြွေစေ့အချို့တို့ဖြစ်ကြောင်း သိရပြီး မတ် ၂၈ ရက်က ဌာနဆိုင်ရာများအား အကြောင်းကြားကာ ဆင်းတုတော်များအား နေအိမ်တွင် အနေကဇာတင်ခြင်း၊ ပဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်ပိုင်တဲယာကုန်းလေးမှာ နွေရာသီနွားစာကျွေးဖို့အတွက် သံတူရွင်းနဲ့ တူးနေရင်း တစ်တောင်လောက်အနက်အရောက်မှာ စောင်လေးနဲ့ ထုတ်ထားတဲ့ဆင်းတုတော်တွေ၊ လက်ဝတ်ရတနာပစ္စည်းတွေ၊ ကွမ်းညှပ်စိပ်နဲ့ နွားရုပ်ကိုတွေ့တာပါ။ တွေ့တဲ့နေရာက အရင်က ချုံနွယ်သစ်ပင်တွေနဲ့ပါ။ ခုလိုမတွေ့ခင် လယ်ထဲမှာပေါက်တူးပေါက်နေရင်း ဘုရားဆင်းတု တော်ကို ပေါက်တူးနဲ့ပေါက်မိတယ်လို့ အိပ်မက်မက်တယ်။ အခုတွေ့တဲ့ပစ္စည်းတွေကိုလည်း အစိုးရကိုအပ်မှာပါ"ဟု အဆိုပါပစ္စည်းများ တူးဖော်တွေ့ရှိခဲ့သူ ဦးစိန်ဝင်းက ပြောသည်။

**ဖြိုးကိုလင်း(ညောင်ဝိုင်း)**

## မီးဘေးသင့် ဘုန်းတော်ကြီးကျောင်းအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ အလှူငွေပေးအပ်

**တောင်ကြီး မတ် ၂၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးဝန်ကြီး၊ ပြည်နယ်သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့သည် ယနေ့ နံနက် ၉ နာရီက ရပ်စောက်မြို့နယ် ဗထူးတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသနေသော အင်းခေါင်းဘုန်းတော်ကြီးကျောင်းမှ ဆရာတော်အား သွားရောက်ကြည့်ရှု၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်ခဲ့ကြောင်း သိရသည်။



ဆက်လက်၍ ရပ်စောက်မြို့နယ် လွယ်ကိုးကျေးရွာအုပ်စု အင်းခေါင်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သော မီးဘေးသင့်ဘုန်းတော်ကြီးကျောင်းအတွက် အလှူငွေပေးအပ်ပွဲကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အလှူငွေလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ဆရာတော်အား လျှောက်ထားပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အလှူငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ဗထူးတပ်နယ် တပ်နယ်မှူးနှင့် ကျောင်းအုပ်ကြီးတို့မှ အလှူငွေကျပ်သိန်း ၂၀၊ ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အလှူငွေကျပ် ငါးသိန်း၊ ရပ်စောက်မြို့နယ် NLD ပါတီမှ ဘိလပ်မြေအိတ် ၂၀၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး အင်းခေါင်းဘုန်းတော်ကြီးကျောင်းဂေါပကအဖွဲ့မှ ဦးသိန်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့သည် အင်းခေါင်းရေလှောင်ကန်အား သွားရောက်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ကော့မှူးမြို့နယ်၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**ကော့မှူး မတ် ၂၉။** ။ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်တွင် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက မကျီးတန်းရပ်ကွက်၌ ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရီရီနွဲ့က စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ ပြည်သူများအနေဖြင့် စားသောက်ကုန်များ ဝယ်ယူစားသောက်မည်ဆိုပါက ထုတ်လုပ်သည့်ရက်စွဲနှင့် ကုန်ဆုံးရက်စွဲတို့ကိုအလေးထားကြရန်၊ FDA မှ စားသုံးရန်မသင့်ဟု ကြေညာထားသောပစ္စည်းများ မသုံးစွဲမိစေရန်နှင့် သုံးစွဲမိပါက ကြုံတွေ့နိုင်သည့်နောက်ဆက်တွဲဆိုးကျိုးများအကြောင်း၊ ဆိုးဆေးများနှင့်ပတ်သက်သည့် အသိပညာများနှင့် အသည်းကင်ဆာဖြစ်စေနိုင်သော ဆိုးကျိုးများအကြောင်း၊ ဓာတုဗေဒဆိုးဆေးများကြောင့် မှတ်ဉာဏ်ချို့ယွင်းစေနိုင်မှုအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**

## ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများ ဖိတ်ခေါ်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၇ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အကြိမ်(၂၀)မြောက် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများအတွက် ယှဉ်ပြိုင်မည့် စာမူနှင့်လက်ရာများ ဖိတ်ခေါ်ထားသည်။

(၁) ပြိုင်ပွဲဝင်ရမည့် ဆောင်ပုဒ်များမှာ အောက်ပါအတိုင်းဖြစ်သည် -
- (က) လူသားတို့ကမ္ဘာ မပျက်သုဉ်းဖို့ အန္တရာယ်မူးယစ်ဆန့်ကျင်စို့
- (ခ) မူးယစ်ကင်းစင်ပြည်တစ်ခွင် စည်ပင်ဖွံ့ဖြိုး စီးပွားတိုး
- (ဂ) အားကစားဖြင့် မျိုးဂုဏ်မြှင့်ဖို့ မူးယစ်ဆေးကို ဆန့်ကျင်စို့
- (ဃ) သက်ရှည်ကျန်းမာလူသားကမ္ဘာ မူးယစ်ဆေးဝါး တိုက်ဖျက်ပါ
- (င) မူးယစ်စွဲသူဖေးမကူ ရောင်းချသူကိုအရေးယူ ပြိုင်တူဆောင်ရွက် တိုင်းပြည်တွက်
- (စ) ဦးစွာနားထောင်ပါ

  Listen Listening to children and youth
  FIRST is the first step to help them
  grow healthy and safe

(၂) ဝတ္ထုတိုနှင့် ဆောင်းပါးစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့် မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စာလုံးရေ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

(၃) ကဗျာစာမူကို စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ သို့မဟုတ် ကွန်ပျူတာစာစီ၍ မူရင်းနှင့်မိတ္တူပေါင်း နှစ်စောင်ပေးပို့ရမည်။ စပ်ထုံး စပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀၊ (ပါဒ ၁၀၀ မှ ၂၀၀ )အတွင်း ရှိရမည်။

(၄) တေးသီချင်းသည် တစ်ဦးချင်း သို့မဟုတ် အဖွဲ့နှင့် သီဆိုနိုင်ပြီး ပရိသတ်နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ် သီချင်းသစ်ဖြစ်ပြီး စကားလုံးကျစ်လျစ် ထိရောက်ရမည်။ အပြီးသတ်အချောသွင်းထားသော သီချင်း CD Master နှင့်အတူ စာသားကို သပ်ရပ်စွာရေး၍ (သို့မဟုတ်) ကွန်ပျူတာစာစီ၍ မူရင်းတစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်စောင်နှင့်အတူ ပေးပို့ရမည်။

(၅) ဓာတ်ပုံသည် Photo Essay အဖြစ် ရောင်စုံ သို့မဟုတ် Monochrome ဖြစ်ပြီး ရွေးချယ်ထားသည့် ဆောင်ပုဒ်နှင့်လျော်ညီစွာ ရိုက်ကူးထားသော ပုံသေး သုံးပုံမှ ငါးပုံအထိ ထည့်သွင်းပေးပို့ရမည်။ အဆိုပါ ပုံငယ်များ၏ Original Files များနှင့် 12" x 18" အရွယ် ဓာတ်ပုံ၏ FINAL OUTPUT PRINT FILE ကို CD တွင် ထည့်သွင်းပေးပို့ရမည်။

(၆) ကွန်ပျူတာပိုစတာသည် ခေါင်းစဉ်နှင့်ရေးဆွဲမှု ထိရောက်သေချာရမည်။ တင်ပြပုံ ရှင်းလင်းသပ်ရပ်ရမည်။ ယှဉ်ပြိုင်သည့်ပုံအား 7" x 9" အရွယ် A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၇) ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဟူ၍ (၃)ဆင့် ယှဉ်ပြိုင်ခွင့်ပြုသည်။ မူလတန်းအဆင့် (၃/၄ တန်း)၊ အလယ်တန်းအဆင့် (၅/၆/၇ တန်း)နှင့် အထက်တန်းအဆင့် (၈/၉/၁၀ တန်း) ဖြစ်ပါသည်။ ရေးဆွဲမည့် စက္ကူယူလာရန်မလိုပါ။ 15" x 20" အရွယ် ရေးဆွဲရမည်။ ခဲတံဖြင့် ရေးဆွဲခြင်းမပြုရ။ နှစ်သက်ရာဆေးကို ယူလာပြီး နှစ်သက်ရာနည်းဖြင့် ပန်းချီ၊ ပိုစတာရေးဆွဲချိန် သုံးနာရီ၊ ကာတွန်းရေးဆွဲချိန် ၂ နာရီ သတ်မှတ်၍ ကျောဘက်တွင် လက်မှတ်ရေးထိုးရမည်။

(၈) ကွန်ပျူတာပန်းချီပြိုင်ပွဲကို အလယ်တန်းနှင့် အထက်တန်းဟူ၍ နှစ်ဆင့်ခွဲပြီး ယှဉ်ပြိုင်ခွင့်ပြုသည်။ အလယ်တန်းအဆင့် (၅/၆/၇ တန်း) နှင့် အထက်တန်းအဆင့် (၈/၉/၁၀ တန်း)ဖြစ်ပါသည်။ ပြိုင်ပွဲအချိန်အတွင်း ရေးဆွဲထားသော ပုံဖြစ်ရမည်။ အသင့်ရေးဆွဲထားသော ပုံမပါစေရ။ Software Programme ကို Coreldraw, Photoshop, Claris office ကြိုက်ရာတစ်မျိုးမျိုးဖြင့် ရေးဆွဲနိုင်သည်။ ရေးဆွဲချိန် ၃ နာရီ သတ်မှတ်ရမည်။ ယှဉ်ပြိုင်သည့် ပုံအား A4 Size စက္ကူနှင့် ပုံထုတ်ပြီး CD ဖြင့် ကူးယူရာတွင် မူရင်းပုံအပြင် JPEG Format ဖြင့် ပုံကိုသိမ်းဆည်း၍ ပေးပို့ရမည်။ ယခင်နှစ်များမှ ဆုရရှိပြီးသောပုံများအား ကူးယူရေးဆွဲခြင်းမပြုရ။

(၉) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ပြိုင်ပွဲတို့တွင် ပွဲတစ်ခုစီအတွက် တစ်ဦးလျှင် စာမူတစ်စောင်၊ တေးသီချင်းပြိုင်ပွဲတွင် တစ်ဦးလျှင်တစ်ပုဒ်၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲတွင် တစ်ဦးလျှင် တစ်ပုံ ယှဉ်ပြိုင်ခွင့်ရှိသည်။

(၁၀) ဓာတ်ပုံပြိုင်ပွဲဝင်တစ်ဦးလျှင် 12" x 18" လက်မအရွယ် Photo Essay လေးပုံအထိ ယှဉ်ပြိုင်နိုင်သည်။ ပုံများ၏ အကြောင်းအရာ Caption ကို စာကြောင်းရေ ငါးကြောင်းခန့် ရေးသားပြီး ဓာတ်ပုံ၏ နောက်ဘက်တွင် ကပ်ထားရမည်။ ပြိုင်ပွဲဝင် တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် နှစ်သိမ့်ဆု နှစ်ဆု ခံစားခွင့်ရှိသည်။

(၁၁) ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲဝင်များသည် အတန်း အထောက်အထားအတွက် သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် လက်တွေ့ရေးဆွဲ ယှဉ်ပြိုင်ပွဲများမှ တစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ တိုင်းဒေသကြီး/ပြည်နယ်များမှ သင့်လျော်သည့် နေ့ရက်တွင် ပြိုင်ပွဲကျင်းပရမည်။

(၁၂) ပြိုင်ပွဲဝင်များအားလုံးသည် ပတ်စ်ပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်း၊ ကိုယ်တိုင်ရေးသား၊ သီကုံး၊ ရိုက်ကူး၊ ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့်စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက်ပူးတွဲ ပေးပို့ရမည်။

(၁၃) ပြိုင်ပွဲဝင်စာမူများနှင့် လက်ရာများကို တာဝန်ခံ၊ မူးယစ်ပြတိုက်၊ ဟံသာဝတီလမ်းနှင့် ကျွန်းတောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လိပ်မူပေးပို့ရမည်။ ဆက်သွယ်ရန် ဖုန်းအမှတ်မှာ ၀၁-၅၀၅၂၆၁ ဖြစ်သည်။

(၁၄) ပြိုင်ပွဲဝင်စာမူနှင့် လက်ရာများ၊ နောက်ဆုံးရောက်ရှိရမည့် နေ့ရက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

| | | |
|---|---|---|
| (က) | တေးသီချင်း | ၃- ၅-၂၀၁၇ |
| (ခ) | ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ | ၁၂- ၅-၂၀၁၇ |
| (ဂ) | ဓာတ်ပုံ | ၅- ၆-၂၀၁၇ |
| (ဃ) | ကွန်ပျူတာပိုစတာ | ၆- ၆-၂၀၁၇ |
| (င) | ပန်းချီ၊ကာတွန်း၊ပိုစတာ၊ကွန်ပျူတာပန်းချီ | ၈- ၆-၂၀၁၇ |

(၁၅) ပြိုင်ပွဲအားလုံးတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု သုံးဆု ရွေးချယ်မည်ဖြစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်သည်။ အလွတ်တန်းပြိုင်ပွဲများမှ ပထမဆုရရှိသူခြောက်ဦးကို နေပြည်တော်တွင် ဆုချီးမြှင့်မည် ဖြစ်သည်။

(၁၆) ရွေးချယ်ခြင်းမခံရသည်များကို ပြန်လည်ပေးပို့မည် မဟုတ်ပါ။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကာ ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၂၉**

တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး မတ် ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၆ စီး၊ သွင်းကုန် ၈၀၃ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၃ စီး၊ သွင်းကုန် ၁၃၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁မှု ခန့်မှန်းတန်ဖိုးကျပ် ၇၂ ဒသမ ၈၂၃၅ သန်းခန့် စုစုပေါင်း ၁၆ မှု ခန့်မှန်းတန်ဖိုးကျပ် ၁၁၆ ဒသမ ၈၂၃၅ သန်းခန့် သိမ်းဆည်းရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၈ ရက်တွင် မြဝတီမှရန်ကုန်သို့ သွားရောက်မည့် Toyota Hiace ယာဉ်အား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Cheers Beer ၃၃၀ ml



(၁ ×၂၄ Can)၃၉၀ pkgs နှင့်သယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃ ဒသမ ၉ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ်၌ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၉**

မောင်တောမြို့နယ်အတွင်း၌ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်ဆောင်ရွက်စဉ် မတ် ၂၇ ရက် ညပိုင်းက စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ပန်းတောပြင်ရဲကင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ကျေးရွာတာဝန်ရှိသူများနှင့် နယ်မြေလုံခြုံရေးအတွက် မတ် ၂၇ ရက် ည ၁၁ နာရီခန့်က ကင်းလှည့်စဉ် ပန်းတောပြင် အနောက်ရွာနှင့် ခေါင်းတကာကျေးရွာကြား ပဒင်းချောင်းအနီး၌ လူနှစ်ဦးက ဆွဲခြင်းတစ်ခုအားချထားပြီး ထွက်ပြေးသွားခဲ့သည်။



အဆိုပါ ဆွဲခြင်းအား စစ်ဆေးရာ WY နှင့် R စာတန်းပါ စိတ်ကြွဆေးပြား ၂၄၀၀ အား သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးသယ်ဆောင်လာသူနှစ်ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စိတ်ကြွရူးသွပ်ဆေးပြား ၆၀၆၀၀၀ သိမ်းဆည်းရမိ

**ဘားအံ မတ် ၂၉**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ ဘားအံခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်သက်စိုးဦး ဦးစီးအဖွဲ့၊ ပြည်နယ်မှုခင်းအကူဌာနစုမှ ဒု-ရဲအုပ် အောင်ကျော်သူ ဦးစီးအဖွဲ့၊ ဘားအံမြို့မရဲစခန်းနယ်ထိန်းခေါင်းဆောင် ဒု-ရဲအုပ်အောင်မျိုးကျော် ဦးစီးအဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၈ ရက် နံနက် ၄ နာရီခွဲခန့်က မူးယစ်ဆေးဝါးသတင်းအရ ဘားအံ-လှိုင်းဘွဲ့ကားလမ်း လမ်း/တံတားကောက်ခံရေးဂိတ်တွင် စောင့်ဆိုင်းနေစဉ် ဘားအံမြို့တွင်းဘက်မှ လှိုင်းဘွဲ့မြို့ဘက်သို့ မောင်းနှင်လာသော 5J/--- လင့်ခရူဇာအမျိုးအစား အဖြူရောင်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းမှာ စည်သူမြတ်ဖြစ်ကြောင်းသိရှိရပြီး ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ယာဉ်အားရှာဖွေရာ ယာဉ်မောင်းထိုင်ခုံဝဲဘက်ဘေးမှ SAMSUNG အမျိုးအစား ဆင်းကတ်ပါ အမည်းရောင်လက်ကိုင်ဖုန်းတစ်လုံး၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်တစ်စောင်၊ ယာဉ်နောက်ခန်းမှ UKT စာတန်းပါ အဖြူရောင်ပီနံအိတ်ဖြင့်ထည့်လျက် အဖြူရောင်ပလတ်စတစ်အကြည်အိတ်ဖြင့် ထပ်မံထုပ်ပိုးထားပြီး တစ်ထုပ်လျှင် WY ဆေးပြား ၁၀၀၀၀ ပါ ၁၈ စည်း၊ ဆေးပြား ၁၈၀၀၀၀၊ သရဖူဆန်ကြာဆံအိတ်ဖြင့်ထည့်လျက် အဖြူရောင်ပလတ်စတစ်အကြည်အိတ်ဖြင့် ထပ်မံထုပ်ပိုးထားပြီး တစ်ထုပ်လျှင် WY ဆေးပြား ၁၀၀၀၀ ပါ(၁၈)စည်း၊ ဆေးပြား ၁၈၀၀၀၀၊ အဖြူရောင်ပီနံအိတ်ဖြင့် ထည့်လျက် အဖြူရောင်ပလတ်စတစ်အကြည်အိတ်ဖြင့် ထပ်မံထုပ်ပိုးထားသော WY စိတ်ကြွရူးသွပ်ဆေးပြား ၂၄၆၀၀၀ ပါတစ်အိတ် စုစုပေါင်း WY စိတ်ကြွဆေးပြား ၆၀၆၀၀၀ အား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်မူးယစ်ဆေးဝါးများအား လက်ဝယ်ထားသုံးစွဲဖြန့်ဖြူးရောင်းချသူ စည်သူမြတ် မဟာဇေယျလမ်း အမှတ်(၇)ရပ်ကွက် ရေကျော်ရပ် ပုဇွန်တောင်မြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူအား ဘားအံမြို့မရဲစခန်းက မယ(ပ)၂၈/၂၀၁၇၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၁ဖြင့် အမှုရေးဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**



# မောင်တောမြို့နယ်အတွင်း ကျေးရွာရာအိမ်မှူးနှင့် ဇနီးဖြစ်သူ ဓားခုတ်ခံရမှုဖြစ်ပွား

**နေပြည်တော် မတ် ၂၉**

မောင်တောမြို့နယ် ရွာသစ်ကေကျေးရွာ၌ ရာအိမ်မှူးနှင့် ဇနီး ဖြစ်သူတို့ နေအိမ်တွင် အိပ်နေစဉ် ယမန်နေ့ နံနက်ပိုင်းက ဓားခုတ်ခံရမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဂေါ်ဒူသာရကျေးရွာအုပ်စု ရွာသစ်ကေကျေးရွာ ရာအိမ်မှူးဖြစ်သူ နူရ်အာမိန်နှင့် ဇနီးဖြစ်သူတို့သည် နေအိမ်တွင် အိပ်နေစဉ် တစ်ရွာတည်းနေ ဟာဘီအူလ္လာပါ လေးဦးတို့က "မင်းတို့ လုပ်လို့ ငါတို့အဖွဲ့တွေ အဖမ်းခံနေရတယ်။ ငါတို့အဖွဲ့တွေ ပြန်လွတ်အောင်လုပ်ပေး အပြင်ထွက်ခဲ့"ဟု ပြောဆိုကာ တံခါးအားတွန်းဖွင့်၍ အတင်းဝင်ရောက်လာပြီး ဓားဖြင့် ဝိုင်းဝန်းခုတ်ခဲ့သည်။

နူရ်အာမိန်က ပြန်လည်ခုခံခဲ့သဖြင့် ဝဲဘက်ပခုံး၊ ဦးခေါင်းနောက်စေ့၊ ယာနားထင်၊ ယာလက်မနှင့် လက်ညှိုးကြား၊ ယာလက်ကောက်ဝတ်တို့တွင် စုစုပေါင်း ဓားခုတ်ဒဏ်ရာ ရှစ်ချက်နှင့် ၎င်း၏ဇနီးဖြစ်သူ နူဟာဘတ်တွင် ရင်ညွှန့်တည့်တည့် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာပေါင်ထိုးသွင်းဒဏ်ရာတစ်ချက် အသီးသီးရရှိခဲ့ပြီး နူရ်အာမိန်က ပတ်ဝန်းကျင်အား အော်ဟစ် အကူအညီတောင်းခံသဖြင့် ဟာဘီအူလ္လာပါ လေးဦးမှာ ပြန်လည်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ဒဏ်ရာရရှိသူ နှစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက မောင်တောပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ပြစ်မှုကျူးလွန်ကာ ထွက်ပြေးလွတ်မြောက်နေသူ ဟာဘီအူလ္လာပါ လေးဦးအား ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပဲခူးမြို့ ရွှေမော်ဓောဘုရားပေါ်တွင် ဓားထိုးမှုဖြစ်ပွားရာ နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

**ပဲခူး မတ် ၂၉**

ပဲခူးရွှေမော်ဓောဘုရားပေါ် အနောက်ဘက်မုခ် ဗောဓိညောင်ပင်အောက်တွင် ယနေ့နံနက် ၇ နာရီက ဓားထိုးမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ငြိမ်းချမ်း(၂၀)နှစ် ဆိုင်ကယ်ကယ်ရီမောင်း မင်းကြီးညို(၃)လမ်း နယ်မြေ(၁၉) ကျွန်းသာယာရပ်ကွက် ပဲခူးမြို့နေသူသည် ကမာနတ်ကျေးရွာမှ အမျိုးသမီးတစ်ဦးအား နေအိမ်သို့ ခေါ်ဆောင်လာပြီး ဇနီးဖြစ်သူမသဇင်(၂၅)နှစ် ကျွန်းသာယာရပ်ကွက်နေသူအား ကွာရှင်းပေးရန်ပြောဆိုခဲ့ရာ ဇနီးဖြစ်သူက ကွာရှင်းမပေးနိုင်ကြောင်းပြော၍ ယနေ့နံနက်ပိုင်းတွင် ဘုရားပေါ်သို့ ချိန်းဆိုခဲ့ရာ မသဇင်ကလာရောက်ပြီး စကားပြောဆိုနေစဉ် ငြိမ်းချမ်းက အရိုးအသွား ၁၀ လက်မခန့်ရှိ အသင့်ပါလာသော ဓားဖြင့်ထိုးခဲ့ရာ မသဇင်မှာ ထိုးသွင်းဒဏ်ရာရရှိခဲ့သဖြင့် ဆေးရုံသို့ ပို့ဆောင်ခဲ့ရာ ဆေးရုံတွင် အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူလျက်ရှိသည်။

ငြိမ်းချမ်းမှာ အခင်းဖြစ်နေရာမှ ထွက်ပြေးသွား၍စခန်းမှ စခန်းမှူး ဒု-ရဲမှူးနိုင်စိုးနှင့်အဖွဲ့သည် ပြစ်မှုကျူးလွန်သူအား လိုက်လံရှာဖွေဖမ်းဆီးခဲ့ရာ နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့ပြီး စခန်းက (ပ)၆၆၆/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# မန္တလေး-လားရှိုးကားလမ်း၌ ယာဉ်တိုက်မှုဖြစ်ပွား

**သီပေါ မတ် ၂၉**

သီပေါမြို့နယ် ဘော်ကြိုကျေးရွာအနီး မန္တလေး-လားရှိုးကားလမ်းမိုင်တိုင်အမှတ်(၁၂၄/၁-၂)အကြား၌ မတ် ၂၉ ရက် မွန်းလွဲ ၁၂ ခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မန္တလေးမှ လားရှိုးသို့ ယာဉ်မောင်း ညီညီထွန်း မောင်းနှင်ပြီး ခရီးသည်နှစ်ဦးလိုက်ပါလာသော ယာဉ်အမှတ်2D/---ပါဂျဲရိုး အဖြူရောင်ယာဉ်အား ဘော်ကြိုဘုရားကြီးကွေ့အရောက်၌ ယင်းယာဉ်နောက်မှ လိုက်ပါလာသည့် ယာဉ်မောင်းအောင်ဇင်မိုး မောင်းနှင်၍ပဲတီစိမ်းအိတ်များ တင်ဆောင်လာသော ၁၂ ဘီးယာဉ်အဖြူရောင်က ဘရိတ်ပေါက်ကာ ဝင်တိုက်မိသည်။ ထိုကဲ့သို့တိုက်မိ၍ပါဂျဲရိုးယာဉ်ကလည်း ၎င်း၏ရှေ့မှကုန်စိမ်းများတင်ဆောင်၍ ယာဉ်မောင်းမြစိုးမောင်းနှင်နေသော ကုန်တင်ယာဉ်အား ဝင်တိုက်မိသည်။ ထိုသို့တိုက်မိ၍ ပါဂျဲရိုးယာဉ်ငယ်မှာ ယာဉ်ကြီးနှစ်စီးအကြားညပ်မိသွားပြီး တွန့်လိမ်ပျက်စီးသွားခဲ့သည်။ ပါဂျဲရိုးယာဉ်ပေါ်ပါ ယာဉ်မောင်းညီညီထွန်းနှင့်ခရီးသည် ဦးကျော်ကျော်လွင်၊ မိုးဇော်လွင်ဦးတို့မှာ ဒဏ်ရာများ (မစိုးရိမ်ရ) အသီးသီးရရှိခဲ့ကြသဖြင့် သီပေါဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ကြသည်။

ယာဉ်အား မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်း အောင်ဇင်မိုးအား သီပေါမြို့မရဲစခန်းက ယာဉ်(ပ) ၁၁/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၂၇၉/၃၃၇/၂၀၂ဖြင့် အမှုဖွင့်အရေးယူထားပြီး ယင်းဖြစ်စဉ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ရာ သီပေါမြို့မရဲစခန်းမှူး ဒု-ရဲမှူးသိန်းဇော်နှင့် သီပေါယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းပေးခဲ့၍ မွန်းလွဲ ၂ နာရီခွဲတွင် ယာဉ်ကြောပြန်လည်ပွင့်သွားခဲ့ကြောင်း သိရသည်။

**သတင်း-ကိုလတ်(သီပေါ)၊**
**ဓာတ်ပုံ-စိုင်း(သီပေါ)**

**မီးသတိပြု**

# ရှန်ဟိုင်းရှန်ဟွာအသင်းအိမ်ကွင်း ဟောင်ကူး အားကစားကွင်းကြီး မီးလောင်ကျွမ်းမှု ဖြစ်ပွား

ရှန်ဟိုင်းရှန်ဟွာအသင်း အိမ်ကွင်း ဟောင်ကူးအားကစားကွင်းကြီးတွင် မတ် ၂၈ ရက် နံနက်အစောပိုင်းက ကြီးမားပြင်းထန်သည့် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။ တရုတ်နိုင်ငံ အရှေ့ပိုင်း ဟောင်ကူးခရိုင် ဒေသဆိုင်ရာ အာဏာပိုင်များ၏ အတည်ပြုချက်အရ ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲအချိန်တွင် မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် ဟောင်ကူးကွင်းအနီးတစ်ဝိုက်ရှိ လမ်းများပေါ်တွင် ကားလမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ သို့သော် မီးလောင်မှုကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာရရှိခဲ့ခြင်းမရှိသလို မီးသတ်တပ်ဖွဲ့များ ရောက်ရှိလာပြီးနောက် မရှေးမနှောင်းမှာပင် မီးကို အောင်မြင်စွာ ငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်စဉ်ကို အာဏာပိုင်များက စုံစမ်းနေဆဲဖြစ်ပြီး အသေးစိတ်ကို ထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း ရဲတပ်ဖွဲ့ဝင်များကမူ ကွင်းအတွင်း ကျောက်ဆောင်မြင့် အဆောက်အအုံက စတင်လောင်ကျွမ်းခြင်းဖြစ်နိုင်သည်ဟု ထင်မြင်ကြောင်း မှတ်ချက်ပြုခဲ့သည်။

ရှန်ဟိုင်းရှန်ဟွာအသင်းသည် တရုတ်စူပါလိဂ် အမှတ်ပေးဇယား အဆင့်(၄)နေရာတွင် ရပ်တည်နေပြီး လာမည့် ဧပြီ ၁၆ ရက် ချန်ကျောင်းယင်ထိုင်း အသင်းနှင့် ကစားမည့် ပွဲစဉ်မတိုင်မီ ကွင်းပြင်ဆင်မှု အပြီးမသတ်နိုင်ပါက ကြားကွင်းတစ်ကွင်းတွင် ယှဉ်ပြိုင်ရဖွယ်ရှိနေသည်။



ဟောင်ကူးကွင်းကြီးသည် ပထမဦးဆုံး တရုတ်ပရော်ဖက် ရှင်နယ်ကွင်းကြီးဖြစ်ပြီး ၁၉၉၉ ခုနှစ် မတ်လတွင် ဖွင့်လှစ်ခဲ့သည်။ ရှန်ဟိုင်းရှန်ဟွာအသင်းသည် ကမ္ဘာ့လုပ်ခလစာ အများဆုံး ကားလို့စ်တီဗက်ဇ်ကို တစ်ပတ်လုပ်ခပေါင် ၆၅၀၀၀၀ ပေးချေနေသည့် အသင်းအဖြစ် လူသိများပြီး ဒမ်ဘာဘာ၊ မာတင်စ်နှင့် ဂူအင်တို့ကဲ့သို့ နာမည်ကျော် ကစားသမားများကစားနေသည့် အသင်းအဖြစ်လည်း ဖြစ်သည်။

## ပြင်သစ်-စပိန်ပွဲစဉ်မှ ဆုံးဖြတ်ချက်အမှားနှစ်ခုကို အမှန်ဖြစ်အောင် ပြင်ဆင်နိုင်ခဲ့သည့် ဗီဒီယိုနည်းပညာ




စပိန်အသင်းက ပြင်သစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ မှားယွင်းခဲ့သည့် ဆုံးဖြတ်ချက်နှစ်ရပ်ကို အမှန်ဖြစ်အောင် ဗီဒီယိုနည်းပညာဖြင့် ပြင်ဆင်နိုင်ခဲ့ကြောင်း သိရသည်။ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်း သွင်းယူခဲ့သည့်ဂိုးကို ဒိုင်ဖြစ်သူ ဇွယ်ယာက ဗီဒီယိုနည်းပညာသုံး နားကြပ်အကူအညီရယူကာ ပယ်ဖျက်ပေးခဲ့သည်။ စပိန်ကွင်းလယ်ကစားသမား ဒေးဗစ်ဆေးလ်ဗားက ပင်နယ်တီမှတစ်ဆင့် စပိန်အသင်းအတွက် အဖွင့်ဂိုးကို သွင်းယူခဲ့ပြီးနောက် ဒီလိုင်းဖ်က စပိန်အသင်းအတွက် ဒုတိယဂိုးကို သွင်းယူခဲ့ရာ စည်းကြပ်ဒိုင်က လူကျွံဘောအဖြစ် အလံထောင်ပြခဲ့သော်လည်း ဗီဒီယို နည်းပညာတွင် လူကျွံဘော မဖြစ်ခဲ့ကြောင်း ဖော်ပြခဲ့သဖြင့် ဒိုင်က ဂိုးအဖြစ် ခွင့်ပြုပေးခဲ့သည်။

ဗီဒီယို အနှေးပြကွက်များတွင် ဂရစ်ဇ်မန်းကို ဘောလုံးပေးပို့ခဲ့သည့် ကာဇာဝါ၏ အနေအထားမှာ မဆိုသလောက် လူကျွံနေခဲ့ပြီး ဒိုင်လူကြီးဇွယ်ယာက ဗီဒီယို လက်ထောက်ဒိုင်စနစ်၏ အတည်ပြုချက်အတွက် စက္ကန့် ၃၀ လောက်သာ အချိန်ယူခဲ့ရကြောင်း သိရသည်။ ဂျော်ဒီအယ်လ်ဘာ၏ ဖျက်တင်ဘောမှတစ်ဆင့် ဒီလေ့ဖ် သွင်းယူသွားခဲ့သည့် ဒုတိယဂိုးအတွက် ခွင့်ပြုသင့်၊ မသင့်အတွက်မူ ဒိုင်လူကြီး ဗီဒီယိုလက်ထောက် ဒိုင်စနစ်တို့ကြား တစ်မိနစ်နီးပါး ဆွေးနွေးခဲ့ရသည်။

ဗီဒီယိုလက်ထောက် ဒိုင်စနစ်ကို ၂၀၁၆ စက်တင်ဘာလအတွင်း ယှဉ်ပြိုင်ခဲ့သည့် ပြင်သစ်နှင့် အီတလီအသင်းတို့ ကစားခဲ့သည့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ပထမဦးဆုံးအကြိမ်အဖြစ် အသုံးပြုခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ဖီဖာကမ္ဘာ့ကလပ်ဖလားပွဲတွင် အသုံးပြုခဲ့ပြီး အက်ဖ်အေ( အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)က လာမည့်ရာသီ အက်ဖ်အေဖလား တတိယပွဲစဉ်များမှ စတင်အသုံးပြုသွားရန် ဆန္ဒရှိနေသည်။ ဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုက ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗီဒီယိုလက်ထောက် ဒိုင်စနစ်ကို အသုံးပြုရန် လိုလားနေသူဖြစ်သည်။

## အိုဇေးလ် ဘာလို့ စာချုပ်မချုပ်သေးသလဲဆိုတာ ဘောလက်ပြောပြီ




ချယ်လ်ဆီးနှင့် ဂျာမနီအသင်းကွင်းလယ်လူဟောင်း မိုက်ကယ်ဘောလက်က အိုဇေးလ်အနေနဲ့ အာဆင်နယ်အသင်းစာချုပ်သစ်ကို လက်မှတ်ရေးထိုးခြင်းမရှိသေးတဲ့ တစ်ခုတည်းသော အကြောင်းတရားဟာ ဝင်းဂါး အာဆင်နယ်မှာ အနာဂတ်ဆက်ရှိ၊ မရှိဆိုသည်သာ မူတည်တယ်လို့ ပြောကြားလိုက်ပြန်ပါပြီ။ အိုဇေးလ်က အစောပိုင်းကတည်းက ဘောလက် ယခုပြောကြားတဲ့အတိုင်း ဆိုခဲ့ပေမယ့် မီဒီယာတွေကတော့ အိုဇေးလ် တစ်ခုတည်းကြည့်တဲ့အရာက လစာနှုန်းထားသာဖြစ်ပြီး လူကသာ အာဆင်နယ်မှာ၊ စိတ်က အသင်းဟောင်း ရီးယဲလ်ကို ရောက်နေတယ်လို့ ရေးသားနေကြတာ ဖြစ်ပါတယ်။

“ သူလို ကစားသမားကို ခေါ်ယူနိုင်တဲ့ ကလပ်အသင်းအများကြီးလည်း မရှိတာကြောင့် ဘာပဲ ဆုံးဖြတ်ပါစေ သူမှန်ကန်ပါလိမ့်မယ်။ သူနဲ့ ဝင်းဂါးကြားမှာ ရင်းနှီးတဲ့ ဆက်ဆံရေးရှိတာကြောင့် ဝင်းဂါး အနာဂတ်ကွဲကွဲပြားပြား သိရမှသာ သူလည်း ဆုံးဖြတ်နိုင်မှာပါ။ အနည်းငယ်တော့ စောင့်ဆိုင်းဖို့ လိုတာပေါ့” လို့ ဘောလက်က စကိုင်းစပို့သို့ အိုဇေးလ်နဲ့ပတ်သက်ပြီး မှတ်ချက်ပြုခဲ့တာဖြစ်ပါတယ်။

အိုဇေးလ်ဟာ လက်ရှိအာဆင်နယ်အသင်းရဲ့ လစာအများဆုံးရရှိနေတဲ့ ကစားသမားဖြစ်ပြီးတစ်ပတ်လုပ်ခ ပေါင်၁၈၀၀၀၀တန် အာဆင်နယ်ရဲ့ စာချုပ်သစ်ကမ်းလှမ်းမှုကို ငြင်းဆန်နေတာကြောင့် လာမယ့်နွေ အာဆင်နယ်က ထွက်ခွာမယ့် ကစားသမားအဖြစ် မီဒီယာတွေက ရေးသားနေတာဖြစ်ပါတယ်။ အိုဇေးလ်ဟာ အာဆင်နယ်ရဲ့ ချန်ပီယံလိဂ် ၁၆သင်းအဆင့်က ကျော်နိုင်ခြင်းမရှိတဲ့ အနေအထားအပေါ် စိတ်ပျက်နေသလို ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပြိုင်ပွဲတွေ(ဥပမာ- ရီးယဲလ်-ဘာစီလိုနာပွဲစဉ်) ကို လွမ်းဆွတ်နေတယ်လို့ စွပ်စွဲခံရတဲ့ ကစားသမားဖြစ်ပါတယ်။ ဒါ့အပြင် ခုနောက်ပိုင်း ပွဲစဉ်တွေမှာ ကြံ့ခိုင်မှု အားနည်းတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ အာဆင်နယ်အသင်းရဲ့ အချို့ပွဲစဉ်တွေကို ဝင်ရောက်မကစားတာလည်း ရှိတာကြောင့် ပရိသတ်တွေရဲ့ ဝေဖန်ခံနေရတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

မေလဲ့သင်း - စုစည်းသည်

## မာရှယ်လ်ကို မက်ပီ သင်ခန်းစာအဖြစ်ထားသင့်

ကိုင်လီယန်မက်ပီအနေဖြင့် မာရှယ်လ်ကို အကောင်းဆုံး သင်ခန်းစာအဖြစ်ထား၍ အသင်းကြီးတစ်သင်းကို အလျင်စလို ပြောင်းရွှေ့ခြင်းမပြုသင့်သေးကြောင်း ပြင်သစ်ကွင်းလယ်လူဟောင်း ဂျော်ခိုင်ယက်ဖ်က သူ၏ အယူအဆကို ပြောကြားလိုက်ပြီဖြစ်သည်။ မက်ပီသည် လတ်တလောတွင် ဥရောပတစ်ဝန်း အထင်ရှားဆုံး လူငယ်ကစားသမားဖြစ်နေပြီး ပြင်သစ်နည်းပြ ဒက်ချမ့်စ်ကပင် ပွဲထွက်ကစားခွင့်ပေးထားသည့် လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

မက်ပီကို မန်ယူ၊ အာဆင်နယ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့က အလိုရှိနေသည်ဟု သတင်းများထွက်နေပြီး ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ကျော်တန်ဆယ်ကျော်သက်တိုက်စစ်မှူးအဖြစ် မီဒီယာများက ကင်ပွန်းတပ်ကြနေကြရာ အရည်အချင်းနှင့် အတွေ့အကြုံပိုင်း မပြည့်ဝဘဲ အသင်းကြီးတစ်ခုသို့ အလျင်စလို ပြောင်းရွှေ့ခြင်းက ကောင်းကျိုးထက် ဆိုးကျိုးကိုသာဖြစ်စေကြောင်း ရီးယဲလ် တိုက်စစ်မှူး ဘင်ဇီမာက ထောက်ပြခဲ့ပြီးဖြစ်သည်။ ယခုလည်း ဂျော်ခိုင်ယက်ဖ်က မက်ပီအနေဖြင့် မာရှယ်လ်၏ အဖြစ်ကို သင်ခန်းစာယူ၍ အကောင်းဆုံး ဆုံးဖြတ်ချက်ချနိုင်ရန် မျှော်လင့်ကြောင်း ထပ်မံသတိပေးလိုက်သည်။

မန်ယူတိုက်စစ်မှူး မာရှယ်လ်သည် အသက်(၁၉)နှစ်အရွယ်မှာပင် မိုနာကို မှ မန်ယူသို့ ပြောင်းရွှေ့သွားခဲ့ပြီး ရာသီအစပိုင်းတွင်သာ ခြေစွမ်းပြနိုင်ခဲ့ပြီး ခြေစွမ်းအတက်အကျကြမ်းနေရာ လက်ရှိအရန်ခုံတွင်သာ အချိန်ကုန်ဆုံးနေရသူဖြစ်သည်။ မိုနာကိုအသင်းက မက်ပီမှာ အရောင်းစာရင်းတွင် ပါဝင်သည့် ကစားသမားမဟုတ်ကြောင်း တုံ့ပြန်ထားသော်လည်း ပေါင်သန်း ၁၀၀ အထက်ရရှိလျှင် ထုတ်ရောင်းရန် သေချာကြောင်း ပြင်သစ်ကလာသော သတင်းရင်းမြစ်များက ဖော်ပြသည်။ မက်ပီမှာ ပြင်သစ်အသင်းက စပိန်အသင်းအား နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် ပွဲစဉ်တွင် ထိရောက်သည့် ဂိုးဖန်တီးမှု ပြုလုပ်ကာ ခြေစွမ်းပြသနိုင်ခဲ့သည်။

## အစ္စကိုအား စာချုပ်သစ်လက်မှတ်ရေးထိုးရန် ရီးယဲလ်မက်ဒရစ် ဖိအားပေး

ရီးယဲလ်မက်ဒရစ်အသင်းက အစ္စကိုအား ဘာစီလိုနာသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခွင့်ပြုရမည်ကို စိုးရိမ်သောကြောင့် စာချုပ်သစ်လက်မှတ်ရေးထိုးရန် အတင်းအကျပ် ဖိအားပေးနေကြောင်း The Sun သတင်းဌာနက ဖော်ပြသည်။ အစ္စကို၏ လက်ရှိစာချုပ်မှာ လာမည့်ဇွန် ၃၀ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် အကယ်၍ ရီးယဲလ်ကသာ အစ္စကို ထွက်ခွာဖြစ်လျှင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခွင့်ပြုရမည်ဖြစ်သည်။ ရီးယဲလ်က ၎င်းကို ခေါ်ယူစဉ်က ပြောင်းရွှေ့ကြေး ပေါင် ၂၆သန်း အသုံးပြုခဲ့ရသည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့် ပေးရမည့်အရေးကို ရီးယဲလ်တာဝန်ရှိသူများက မလိုလားဘဲ ရှိနေသည်။




အစ္စကိုမှာ နည်းပြ ဇီဒန်းလက်အောက်တွင် ပွဲထွက်ကစားချိန် ကန့်သတ်မှုရှိသဖြင့် အသင်းပြောင်းရွှေ့ရန် စဉ်းစားနေပြီး ရီးယဲလ်မက်ဒရစ် မဟာပြိုင်ဘက် ဘာစီလိုနာက အစ္စကိုအား ခေါ်ယူလိုသည်ဟု တရားဝင်ထုတ်ဖော်ပြောကြားထားသည့်အတွက် ရီးယဲလ်အတွက် ဖိအားပိုမိုကျရောက်သည့် အနေအထားပင်ဖြစ်သည်။ ရီးယဲလ်က အစ္စကိုအတွက် လုပ်ခပေါင်ငါးသန်းတန် ခြောက်နှစ်စာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းထားပြီး အစ္စကိုဘက်ကမူ ပေါင်ရှစ်သန်းခွဲ အထိ ရရှိလိုသည်ဟု တောင်းဆိုထားကြောင်း သိရသည်။

ရီးယဲလ်သည် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပေးရသည်ထက် ပြောင်းရွှေ့ကြေး မြိုးမြိုးမြက်မြက် ရရှိနိုင်မည့်အရေးကြောင့် အစ္စကို တောင်းဆိုသော လစာနှုန်းထားကို လိုက်လျောရန် ရှိနေသည်။ အစ္စကိုကမူ ထွက်ပေါ်နေသည့် သတင်းများအားလုံးမှာ ကောလာဟလများသာ များနေသည့်အတွက် ချင့်ချိန်စဉ်းစားသင့်ပြီး အသင်းပြောင်းရွှေ့ရန်ထက် လက်ရှိကလပ်အသင်းအတွက် ဘာကို အကောင်းဆုံးဆောင်ရွက်ပေးရမည်လည်းဆိုတာကို စဉ်းစားထားသင့်ကြောင်း တုံ့ပြန်ခဲ့သည်။



# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (armfuef;)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြလိုက်ပါသည်။ (စာတည်း)


## re,a&Tuf;wmfmurÇat;c;ifbk&m;orkif;



ပူခါမောင်း(မင်းတပ်)၏ မန်းရွှေစက်တော်ရာ ကမ္ဘာအေးချင်းဘုရားသမိုင်းစာအုပ်တွင် ချင်းတို့သည် ရှေးအတီတေကာလကပင် ဗုဒ္ဓတရားတော်ကို ယုံကြည်သက်ဝင်ခဲ့ကြဟန်တူကြောင်း၊ မြန်မာဘုရင်များခေတ်တွင်လည်း ချင်းများဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့သော အထောက်အထားများတွေ့ရကြောင်း၊ ခရစ်နှစ် ၁၉၄၀ ဝန်းကျင်လောက်တွင် ချင်းရဟန်းတော်ဦးဗုဒ္ဓိက အနယ်နယ်အရပ်ရပ်မှ ချင်းဗုဒ္ဓဘာသာဝင်များအား စည်းရုံးဦးဆောင်ကာ ကမ္ဘာအေး (ချင်းဘုရား) ကို ပြန်လည်တည်ထား ကိုးကွယ်ခဲ့ကြောင်း၊ ထိုဘုရားသမိုင်းနှင့် ယခုအခါ ချင်းဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့က ထိုဘုရားကို ပြုပြင်မွမ်းမံကုသိုလ်ယူနေကြပုံများကို ဤစာအုပ်၌ မှတ်တမ်းတင်ဖော်ပြထားကြောင်း ချင်းဗုဒ္ဓသာသနပါလက အမှာစာတွင်တင်ပြထားသည်။

**ဤစာအုပ်ကို သုဒ္ဓစာပေ၊ အမှတ် ၃၁၊ ၆–လွှာ၊ နှင်းဆီကုန်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉ ၇၉၉၆၇၉၉၅၉ မှ ဖြန့်ချိထားပြီး ဆလိုင်းတင်စိုး ၀၉ ၇၉၉၈၈၅၆ ၂၁ ထံဆက်သွယ်၍ တန်ဖိုးငွေ ၁၀၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်သည်။**

## oa0Zed t rSdeuf mif;orD;Dk vdf vef&m



ဗုဒ္ဓဂယာဘုရားဖူးသွားသည့်အခါ ဘုရားပွင့်တော်မူရာ ဗောဓိညောင်ပင်ကို ပြုကျင့်ရမည့်ဝတ်ကို ပြုကျင့်ရပါမည်။ ဘုရားစေတီများကိုလည်း ကြည်ညိုစိတ်ဖြင့် ကြည်လင်သည့်စိတ်ဖြင့် ဖူးမြော်ကန်တော့ရပါမယ်။ မြတ်စွာဘုရားလည်း အို-နာ-သေမှ မလွတ်ပါလားဟု နှလုံးသွင်းပြီး ကိုယ်လည်း အို-နာ-သေရမှာပါလားဟု ထိတ်လန့်ရပါမယ်။ ဗောဓိပင်မှာ မြတ်စွာဘုရားတရားကျင့်တော်မူရာမှာ ပုဗ္ဗေနိဝါသဉာဏ်တော်နှင့် ဒိဗ္ဗစက္ခုဉာဏ်တော် ရတော်မူတော့ သတ္တဝါတွေကို ပုဂ္ဂိုလ်အနေနဲ့ မြင်တော်မမူတော့ဘဲ ရုပ်နာမ်အစုအနေနဲ့ မြင်တော်မူကာ ပဋိစ္စသမုပ္ပါဒ်ဉာဏ်တော်ကို ရတော်မူတယ်။ အဲဒီ ပဋိစ္စသမုပ္ပါဒ် ဥဒ္ဒေသ အကျဉ်းနဲ့ နိဒ္ဒေသအကျယ်ကို ဘုရားဟောပါဠိတော်များ၊ နိဿယများ၊ ဋီကာများကို ညှိနှိုင်းပြီး စာအုပ်ဖတ်သူအား တင်ပြထားပါသည်။ မိစ္ဆာဒိဋ္ဌိများအကြောင်းကိုလည်း စာဖတ်သူအား တင်ပြထားပါသည်။

**စာအုပ်ကို စကားပြောနေသူများစာပေ အမှတ် ၁၇၈၊ ၄ လွှာ၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ထုတ်ဝေသည်။**


## urÇau;mf30;Dt Ep;fcsKyf



ရဲကျော်မြင့် ရေးသားသည့် ကမ္ဘာကျော် ၃၃ ဦး အနှစ်ချုပ်ဘာသာပြန်စာအုပ်သည် နယ်ပယ်ကဏ္ဍအသီးသီးမှ လူပုဂ္ဂိုလ် ၃၃ ဦး၏ အကြောင်းကို အနှစ်ချုပ်၍ ဘာသာပြန်ဆိုထားခြင်းဖြစ်ပါသည်။ ဤစာအုပ်ကို ကျောင်းသားလူငယ်များ ဖတ်ရှုခဲ့ပါက ထိုပုဂ္ဂိုလ်တို့လုပ်ဆောင်ချက်များကို ဗဟုသုတများစွာရရှိနိုင်ပါသည်။

စာအုပ်ပါအကြောင်းအရာများသည် Maura D.Shaw ရေးသားထားသော Ten Amazing People and How They Changed The World စာအုပ်နှင့် Milada Broukal ရေးသားသည့် What Alife! Stories of Amazing People စာအုပ်နှစ်အုပ်ကို ပေါင်းစပ်ပြီး ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။

**မဖျို့မစာပေ၊ အမှတ် ၂၃၇၊ ပ–ထပ်(ဝဲ)၊ ၃၉ လမ်း(အပေါ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း ၀၁ ၃၉၂၈၃၅ မှ တန်ဖိုးငွေ ၂၀၀၀ ကျပ်ဖြင့်ဖြန့်ချိသည်။**



## xm0&uefrmol


ပြည်သူ့အကျိုးပြုစာပေများရေးသားနေသော စာရေးဆရာ မင်းကျော်ဝင်း၏ ၁၉ အုပ်မြောက်စာအုပ် အသစ်ဖြစ်ပါသည်။ ဤစာအုပ်တွင် အိုမင်းရင့်ရော်ခြင်းကို နေရာရွှေ့နိုင်ပုံ၊ အသက်ရှည်ဆေးသည် ခန္ဓာကိုယ်ထဲမှာ ပင်ရှိပုံ၊ ဇီဝိတိန္ဒြေဆိုတဲ့ အသက်ဓာတ်ကို အူလမ်းကြောင်းအတွင်း အခြေအနေကောင်းတစ်ရပ်ဖြင့် စောင့်ရှောက်နိုင်ပုံ၊ ကိုယ်တွင်း အဆိပ်တွေကိုတားဆီးပြီး ဖယ်ရှားထုတ်ပုံ၊ သဘာဝနေရောင်ခြည်ဖြင့် အသက်ရှည်ကြပုံ စသည်တို့ကို အကျယ်တဝင့် ရေးသားတင်ပြထားပါသည်။

**စာအုပ်ကို သိမ့်ထိုက်စာပေ ၃၂ လမ်းအထက်ပန်းပဲတန်းမြို့နယ် ရန်ကုန်မြို့မှ ဖြန့်ချိပြီး တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်သည်။ ဖုန်း ၀၉၅၀၅၉၂၁၃၄၊ ၀၉၂၅၀၆၄၈၃၆၂**

## ,0fau;vd@vuf&;pifyHjyif&m;

 စာရေးဆရာ သူငယ်တော်ရေးသားသည့် ယဉ်ကျေးလိမ္မာ လက်ရွေးစင်ပုံပြင်များစာအုပ်တွင် ကျောင်းနေအရွယ်ကလေးသူငယ်များနှင့် လူငယ်လူရွယ်များ ဗဟုသုတတိုးပွားစေရန်နှင့် ယဉ်ကျေးလိမ္မာသော အကျင့်သိက္ခာများ စောင့်ထိန်းတတ်ရန်အတွက် ရည်ရွယ်ပြီး စာရေးသူမှ ရေးသားထားခြင်းဖြစ်၍ ကျောင်းနေအရွယ် ကလေးများရှိသောသူများ ဆောင်ထားသင့်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါသည်။

**မဖျို့မစာပေ၊ အမှတ် ၂၃၇၊ ပ–ထပ်၊ ၃၉ လမ်း(ထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁ ၃၉၂၈၃၅၊ ၀၉ ၂၆၁၃၈၀၆၆၀ မှ တန်ဖိုးငွေကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိသည်။**



## oc;mt jrefwuefnf;



အောင်နိုင်သူအယ်ဒီတာအဖွဲ့မှ စီစဉ်ရေးသားသော သင်္ချာအမြန်တွက်နည်းစာအုပ်၌ သင်္ချာတွက်ရာတွင် နည်းလမ်းများကို ရှင်းလင်းစွာသိရှိနိုင်ရန် ဖော်ပြထားပါသည်။

လူများသည် သင်္ချာစွမ်းရည်နှင့် စဉ်းစားဉာဏ်ကို နှိုင်းယှဉ်ကြည့်ကြသည်။ ဤစာအုပ်တွင်ပါဝင်သောနည်းလမ်းများကို အသုံးပြုလျှင် ဉာဏ်ရည်မြင့်မားမှုကို သိရှိနိုင်သည်။ စာအုပ်ပါအတိုင်းလေ့ကျင့်လျှင် ဘဝတစ်လျှောက်လုံး ဦးတည်ချက်ပြောင်းလဲသွားပေမည်။

**မဖျို့မစာပေ၊ အမှတ် ၂၃၇၊ ပ–ထပ်၊ ၃၉ လမ်း(ထက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၁ ၃၉၂၈၃၅၊ ၀၉ ၇၇၃၇၇၄၇၃၃ မှ ဖြန့်ချိထားပါသည်။ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြစ်သည်။**



## ဆံဖျားမှခြေဖျား အလှပြုပြင်ထိန်းသိမ်းနည်းများ

ဤစာအုပ်တွင် သဘာဝမှရသော လတ်ဆတ်သည့် သစ်သီးဝလံအမျိုးမျိုးကို နည်းမှန် လမ်းမှန်စနစ်တကျ အသုံးပြုပါက မှော်ပဉ္စလက်ဆန်သောအလှတရားများရရှိစေပြီး တန်ဖိုးကြီးအလှကုန်များနည်းတူ အစွမ်းရှိ၍ ရလဒ်ပိုတာတွေရှိနိုင်ပါသည်။

ကျန်းမာလှပသည့် အလှရှင်ဖြစ်၊ အကုန်အကျလည်းသက်သာ၊ အိမ်အလုပ်လည်းမပျက်သည့် အကျိုးရှိသည့် နည်းလမ်းကောင်းလေးများဖြစ်ပါသည်။

**ဤစာအုပ်ကို စာပေနန်းတော်၊ အမှတ် ၁၃၈/၁၄၀ (ပ–ထပ်)၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း ၀၉ ၂၆၀ ၂၄၅၂၂၄၊ ၀၉၇၃၁၄၀၉၁၄ မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ထုတ်ဝေသည်။**



## y;rnfoprD;r S,f Bfd;&m

ကန်ပက်လက်မြို့နယ် ခိတော်ရွာဇာတိသား ချင်းလူငယ် လောက်နူးလိန်းပြုစုသော ပါးမည်းသစ္စာ မျိုးနွယ် ရိုးရာ စာအုပ် ထွက်ရှိလာသည်။ ချင်းရိုးရာဓလေ့ထုံးတမ်းအချို့ကို တင်ပြထားသည်။

စာအုပ်တွင် ထိမ်းမြားမင်္ဂလာသိကောင်းစရာ၊ အသုဘအကြောင်းသိကောင်းစရာ၊ ရိုးရာဓလေ့လုပ်ရိုးလုပ်စဉ်များ၊ လောက်နူး(ခ)ကန်ပက်လက်၊ ဝိတိုရိယ(ခ)နတ်မ(ခ) ခေါ်နူးစုမ်၊ ကျောက်ပြင်တင်ပွဲတော်၊ တန်ဖိုးရှိသော စကားပုံများ၊ တောင်ယာခုတ်တဲ့ ဖခင်ဘဝ၊ ရွာနှင့်ကျောင်း၊ အဖိုးတန်ကြက်ဥနှင့် အမှန်တရား၊ သစ္စာပါးမည်းမှ ပါးမည်းသစ္စာသို့ မာဂ်ားပေးခြင်း စသောခေါင်းစဉ်များပါဝင်သည်။

**ဤစာအုပ်ကို စာပေနန်းတော်စာအုပ်ဆိုင်၊ အမှတ် ၁၃၈/၁၄၀၊ ပ–ထပ်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့ ဖုန်း ၀၉ ၇၃၁၄၀၉၁၄ တွင် ၁၅၀၀ ကျပ်ဖြင့် ဝယ်ယူရရှိနိုင်သည်။**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## သတင်းကြေညာချက်
## (၂၀၁၇ခုနှစ်၊မတ်လ ၂၉ရက်)


၁။ (၂)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို ၂၀၁၇ခုနှစ်၊ ဧပြီလ ၁ရက်မှ စတင်ရောင်းချမည် ဖြစ်ပါသည်။

၂။ (၂)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ်များကို “က”အက္ခရာမှ အစဉ်လိုက် “န”အက္ခရာထိ အက္ခရာလုံးရေ(၂၀)နှင့် အရန်ထီ “ကင” အက္ခရာမှ အစဉ်လိုက် “ကထ” အက္ခရာထိ(၁၃)လုံး၊ စုစုပေါင်း အက္ခရာ(၃၃)လုံးခန့်၊ ထီစာအုပ်ပေါင်း (၂၆၃၉၅၂၄)အုပ်ကို ခွဲဝေဖြန့်ဖြူးပြီး ဖြစ်ပါသည်။

၃။ ထပ်မံ ဝယ်ယူလိုသူများရှိပါက ကျပ် ၅၀၀တန် အရန်ထီလက်မှတ်စာအုပ်များကို “ကထ” အက္ခရာ လက်ကျန်ထီများမှစ၍ ဆက်လက်ရောင်းချ ပေးသွားမည်ဖြစ်ပြီး၊ အနည်းဆုံးအုပ်ရေ(၁၀၀) နှင့်အထက် ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် (TF-1)ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်တွင် ၃-၄-၂၀၁၇ရက်မှ ၂၄-၄-၂၀၁၇ ရက်ထိ ရုံးဖွင့်ရက်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ ရောင်းချရသည့် အက္ခရာများကို ထီဖွင့်ပွဲမတိုင်မီ ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။


၄။ (၂)ကြိမ်မြောက် ကျပ်၅၀၀တန် အောင်ဘာလေထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-




၅။ (၂)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေထီလက်မှတ် (အရန်ထီ) နမူနာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-




## ကြော်ငြာ


၆။ အထူးသတိပြုရန်

အရန်ထီလက်မှတ် "ကက" အက္ခရာ၊ "ကခ"အက္ခရာ၊ "ကဂ"အက္ခရာနှင့် "ကဃ"အက္ခရာတို့မှာ (၁)ကြိမ်မြောက်တွင် ရောင်းချပြီး၊ ဖွင့်လှစ်ပြီးဖြစ်ပါ သဖြင့် ၂၀၁၇ခုနှစ်၊ မေလ ၁ရက်တွင် ဖွင့်လှစ်မည့် (၂)ကြိမ်မြောက် အောင်ဘာလေထီဖွင့်ပွဲအတွက် အကျုံးမဝင်ပါကြောင်း အထူးသတိပေး အပ်ပါသည်။

၇။ ကျပ်၅၀၀တန် ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း(၁၀၀၀၀)၊ ကျပ်သိန်း(၅၀၀၀)နှင့် ကျပ်သိန်း(၁၀၀၀)ဆုများ အပါအဝင်ဖြစ်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ်(၅၀၀၀၀)ဖြစ်ပါသည်။

၈။ (၃၄၀)ကြိမ်မြောက် ကျပ်၂၀၀တန် ထီလက်မှတ်များကို အက္ခရာ(၃)လုံး ["က"အက္ခရာ၊ "ခ"အက္ခရာနှင့် "ဂ"အက္ခရာ] ထုတ်ဝေရောင်းချသွားမည် ဖြစ်ပါသည်။ (၃၄၀)ကြိမ်မြောက်အတွက် ထီလက်မှတ်နမူနာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။



၉။ ကျပ် ၂၀၀တန်ထီအတွက် ဆုမဲများမှာ အမြင့်ဆုံးဆု ကျပ်သိန်း(၁၅၀၀)နှင့် ကျပ်သိန်း(၁၀၀)၊ ကျပ်သိန်း(၅၀)ဆုများ အပါအဝင်ဖြစ်ပြီး အနိမ့်ဆုံးဆုမဲမှာ ကျပ်(၁၀၀၀၀၀)ဖြစ်ပါသည်။




**ALEX Fashion Designer Group**

**tajccHDkifynmESifhefxkyfcsKyfynm'eoifwef**

နိုင်ငံတကာ အဆင့်မြင့် ဒီဇိုင်းသီအိုရီများကို အခြေခံမှုစ၍ အဆင့်မြင့်ပညာရပ်များကို စာတွေ့လက်တွေ့ စနစ်တကျ နားလည်တတ်ကျွမ်းသည်အထိ သင်ကြားပေးနေပါသည်။ မြန်မာအမျိုးသမီးတိုင်း တစ်ပိုင်တစ်နိုင် ကိုယ်ပိုင်လုပ်ငန်းအခွင့်အလမ်းကောင်းများနှင့် မိမိ စိတ်ကူးထဲမှ ဒီဇိုင်းများကို စနစ်တကျ သေသပ်လှပစွာ တီထွင်ဖန်တီးနိုင်ရန် ရည်ရွယ်၍ အခြေခံဒီဇိုင်း စက်ချုပ် ပန်းထိုး၊ ပညာဒါနသင်တန်း အမှတ်စဉ် (၅)ကို ၃-၄-၂၀၁၇ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ ၁-၄-၂၀၁၇ရက် နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ပါသည်။

**လူဦးရေကန့်သတ်ထားပါသည်။**

**တိုက်(၁၂၀)၊ အခန်း(၂၃)၊ အင်းစိန်လမ်းမကြီး၊ (၉)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**(သုခမှတ်တိုင်အနီး)**
**ဖုန်း-၀၉-၅၁၉၃၀၅၆၊ ၀၉-၇၃၀၁၆၀၈၄၊ ၀၉-၂၅၃၂၃၈၃၃၄**




သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ်ပင် ကို နှစ် ခြင် စိုက် ရှေ့ တိုက် ကို စိုး


iMyanmarHouse.com နှင့်
TBC
Taunggyi Business Center
Taunggyi Business Center တို့မှ ကြီးမှူးကျင်းပမည့်
1ST MYANMAR'S
SMART LIVING
EXPO 2017
အိမ်ခြံမြေ ၊ ကား ၊ လူသုံးကုန်ပစ္စည်း ပြပွဲကြီး နှင့်
Taunggyi Business Center (TBC) ဖွင့်ပွဲ
Lucky Draw များနှင့် တမူထူးခြားသော အစီအစဉ်များ ထည့်သွင်းထားရှိပါသည်။
✓ အိမ်ခြံမြေ ၊ ကားနှင့် လူသုံးကုန်ပစ္စည်းများ
✓ DJ နှင့် Model Show
✓ စာပေ ဟောပြောပွဲများ
✓ နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှု
✓ Shan UFC မှ ဘောလုံးအလှပြကစားပွဲနှင့် တွေ့ဆုံပွဲ
နေ့ရက် - မတ်လ (၃၁) ရက်နေ့ မှ ဧပြီလ (၂) ရက်နေ့ထိ
အချိန် - နံနက် (၉) နာရီ မှ ည (၉) နာရီထိ
နေရာ - Taunggyi Business Center
(တောင်ကြီးမြို့)
Contact: +959 440 999 799
+959 33 99 33 99
+959 261 055 511
09-252605671~5
Opening Ceremony
TBC
Taunggyi Business Center
4 miles, Taunggyi & Hopone Highway Road, Taunggyi.
Ph : 09-250017194, 09-32281251 . Email : sale@tbcmyanmar.com
ကြိုတင်စာရင်းပေးသွင်းရန်
www.imyanmarhouse.com/taunggyi-expo

## စစ်တက္ကသိုလ် အမှတ်စဉ်(၃၇)ဗိုလ်လောင်းသင်တန်း (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲဖိတ်ကြားခြင်း

စစ်တက္ကသိုလ်အမှတ်စဉ်(၃၇)ဗိုလ်လောင်းသင်တန်း(၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများနှင့် မိသားစုဝင်များ အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

| | | | |
|---|---|---|---|
| (၁) | ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့) | ၁၈း၀၀နာရီ | - ရွှေရှမ်းကန်စားသောက်ဆိုင်၊ အင်းယားလမ်း(ညစာစားပွဲ) |
| (၂) | ၅-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) | ၁၀း၀၀နာရီ | - ကရုဏာ ကမ္ဘာ့ဘိုးဘွားရိပ်သာ၊ မြတ်မင်္ဂလာလမ်းနှင့် ရွှေကြာပင်လမ်းထောင့် နေပြည်တော်(တစ်နေ့တာအလှူရှင်) |
| (၃) | ၆-၄-၂၀၁၇ရက်(ကြာသပတေးနေ့) | ၉း၀၀နာရီ | - နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မိုးကုတ်ဆွမ်းစားဆောင်၊ ကမ္ဘာအေး(နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း) |

**ကျင်းပရေးကော်မတီ**

ဇော်လတ်(၀၉-၇၉၄၃၇၇၃၇၇) နေဝင်းလှိုင်(၀၉-၇၉၅၃၇၇၃၇၇) ထက်အောင်(၀၉-၄၅၉၂၃၄၂၃၄) မြတ်လင်း(၀၉-၇၈၃၀၆၈၆၅၅)
ထွန်းဇော်ဝင်း(၀၉-၇၉၇၃၇၇၃၇၇) ကျော်ရဲ(၀၉-၇၉၆၃၇၇၃၇၇) ကျော်ဝင်းထွန်း(၀၉-၂၅၆၄၃၇၄၃၇) မင်းချစ်ညို(၀၉-၄၂၁၀၅၀၆၇၇)




## ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့် ပညာဦးစီးဌာန
## အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန
## SEAMEO CHAT

အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနသည် CHAT Communication in English Language Course, Basic Level I (2/2017) သင်တန်းကို အောက်ပါအစီအစဉ်ဖြင့် လက်ခံ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

| | |
|---|---|
| သင်တန်းအမည် | - CHAT Communication in English Language Course, Basic Level I (2/2017) |
| သင်တန်းဖွင့်လှစ်မည့်နေရာ | - ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနပြည်လမ်း၊ ရန်ကုန်မြို့။ |
| သင်တန်းဝင်ခွင့်အရည်အချင်း | - သင်တန်းတက်ရောက်လိုသူများသည် အနိမ့်ဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီး CHAT Communication in English Course ဝင်ခွင့်စာမေးပွဲအောင်မြင်သူများဖြစ်ရပါမည်။ |
| သင်တန်းလက်ခံမည့်ပုံစံ | - ၃-၄-၂၀၁၇ ရက်တွင် SEAMEO CHAT facebook မှတစ်ဆင့် သင်တန်းဝင်ခွင့်ပုံစံကို download ရယူပြီး ပုံစံတွင် ဖော်ပြထားသော email address ကို ပူးတွဲပေးပို့ရန် ဖြစ်ပါသည်။ (ဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ရသူများထံသို့ ဝင်ခွင့်စာမေးပွဲ ဖြေဆိုရမည့်အချိန်၊ နေ့ရက်၊ နေရာတို့ကို SEAMEO CHAT facebook တွင်လည်းကောင်း SEAMEO CHAT ဌာနတွင်လည်းကောင်း ဖော်ပြထားမည်ဖြစ်ပါသည်။) |

**စီမံကြီးကြပ်အဖွဲ့**
**CHAT Communication in English Language Course**










a&mif;rnf
လုပ်ငန်းလိုင်စင်ရရှိပြီးသော ကလစ်ဘူးအချိုရည် ထုတ်သော စက်ပစ္စည်းများနှင့် လုပ်ငန်းရောင်းမည်။
ဖုန်း-၀၉-၇၉၀၇၀၀၈၂၂၊
၀၉-၇၉၉၈၁၄၁၆၃

**ဒဂုံမြို့သစ်**
အငှားပိုင်း
အရှေ့ပိုင်း
သိပ်ကပ်မြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

**'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'**
ALL ADULTS MUST BE ABLE TO DRIVE
နယူးအာရှ(NEW ASIA)အပါတ်စဉ်(၂၀၉)
အခြေခံယာဉ်မောင်းနှင့်စက်ပြုပြင်ထိန်းသိမ်းသင်တန်းကျောင်း
၂၀၁၇၊ ဧပြီလ (၃)ရက်နေ့ဖွင့်မည်။
- Air-con ရေခဲသေတ္တာပြုပြင်ထိန်းသိမ်းသင်တန်း(၁လပြတ်)
- အခြေခံယာဉ်မောင်းစက်ပြင်သင်တန်း၊ ၁လ-ပုံမှန်သင်တန်း
- စက်ပြင်အထူး(သီးသန့်) သင်တန်း (၂လပြတ်)
- လျှပ်စစ်နှင့်ဓါတ်ငွေ့ ဂဟေဆက်သင်တန်း (၁လအပြတ်)

နယ်ဝေးဘော်ဒါရှိသည်။

နည်းပြဆရာ/ ဆရာမများအား အိမ်ကားဖြင့် ခေါ်ယူသင်ကြား လိုပါကသီးခြား စီစဉ်ပေးပါသည်၊

ဆက်သွယ်ရန် - အမှတ် ၉၅၃၊ ရွှေနင်းဆီလမ်း၊ ဂဝိုင်ခွဲ၊ (မဟာစည်မှတ်တိုင်)၊ မရမ်းကုန်းမြို့နယ်။
Ph- 09 43198384, 09 43171697, 09 43157424, 09 43198381
သင်တန်းခွဲ - အမှတ်(၁၄၈)၊ ခရေပင်လမ်းမကြီး၊ သုံးဆောင်မှတ်တိုင်အနီး၊ မင်္ဂလာဒုံမြို့နယ်။
Ph-09 43144310, 09 260736397, 09 795743297
သင်တန်းခွဲ - အမှတ် ၅၂၁၊ မကျေးလမ်း၊ တံတားဖြူ၊ ဂရုဏ်ကွက်၊ လှိုင်သာယာမြို့နယ်။
Ph-09 31339152, 09 261436057, 09 420138573

တန် ဖိုး ရှိ လှ လူ ငယ် ဘ ဝ မူး ယစ် ကင်း စင် ကျန်း မာ မှ

# THE CENTRAL

## WHERE THE FINEST MEETS

| Retail Street Completing in Q4 2017 |








At the **Corner of Kabar Aye Pagoda Road and Kanbe Road,** The Central is designed to be a world-class mixed-use development with Yangon's first retail walking street, F&B complex, luxury residential units, complete clubhouse facilities, and Grade-A office space. It is a vision for a vibrant, sustainable and harmonious Yangon.

**ကမ္ဘာ့အေးဘုရားလမ်းနှင့်ကန်ဘဲ့လမ်းထောင့်**


The Central သည် ရန်ကုန်၏ပထမဆုံးသော ဈေးဝယ်လျှောက်လမ်း၊ စားသောက်ဆိုင်များ၊ အဆင့်မြင့်လူနေအိမ်များ၊ ပြီးပြည့်စုံသော Clubhouse ဝန်ဆောင်မှုများ၊ Grade-A ရုံးခန်းများ ပါရှိသည့် ကမ္ဘာ့အဆင့်မီ mixed-use development တစ်ခုဖြစ်လာပါမည်။ The Central သည် ရန်ကုန်မြို့၏ သက်ဝင်စိုလွင်ခြင်း၊ နိုင်မာတည်တံ့ခြင်းနှင့် စည်းလုံးခြင်းတို့၏ ရုပ်ပုံလွှာတစ်ခုဖြစ်ပါသည်။

**ENQUIRY HOTLINE**
+95 9777 773 770

**PROJECT LOCATION**
Corner of Kabar Aye Pagoda Road and Kanbe Road, Yankin Township, Yangon, Myanmar

www.thecentral.com.mm

**INFORMATION CENTER ADDRESS**
160 Meters from the Corner of Kabar Aye Pagoda Road and Kanbe Road (Across from MIC Office)


MITSUBISHI ELECTRIC
Changes for the Better
The Mitsubishi Electric Quality Experience Served with Pride & Care
Beyond products, providing quality solutions
Residential
Commercial
Industrial / Infrastructure
Air Conditioning Systems
Display Wall Systems
Solar Power Systems
Molded Case Circuit Breakers
Vacuum Circuit Breaker
Printing Solutions
Hand Dryers
Programmable Logic Controllers
Motion Controller and Servo Systems
Variable Speed Drives
Refrigerators
Fans
Escalator
Elevator
Ozone Generator for Water Treatment Systems
Space Systems
http://mm.MitsubishiElectric.com
Mitsubishi Electric Asia (Yangon Branch Office) • Unit No: 05-04 (Level-5), Union Business Centre (UBC) Nat Mauk Road, Bo Cho Quarter, Bahan Township, Yangon, Myanmar • TEL: +95 (1) 860-3369 / +95 (1) 860-3379

HOUSING, FURNITURE, MOBILE FAIR & CAR SHOW တွင်

Golden YADANAR MYAING CONSTRUCTION & DECORATION CO.,LTD.

တစ်မူထူးခြားဆန်းသစ်စွာရောင်းချပေးမည့်

Amazing Promotion! @ Tattmataw Hall (30-3-2017 to 2-4-2017)

Constructor Licence No.202 YADANAR MYAING Construction & Home Decoration Co.,Ltd. နှင့် AYA Bank ဧရာဝတီဘဏ် Your Trusted Partner

တို့ပူးပေါင်း၍ (၁)နှစ်မှ (၅)နှစ်အတွင်း အရစ်ကျဖြင့် ဝယ်ယူနိုင်မည့် အိမ်ရာအရောင်းပြပွဲ

1



Location : No. (17-A), Corner of Upper Pansodan Road & Bo Min Kaung Street, Mingalar Taung Nyunt Township,

The Atrium Condo

2



Location : No. 84 (E,G), Sayarsan Road, Bahan Township, Yangon.

Grand Sayar San Condo

3



Location : No. 37, U Tun Myat Road, Tamwe Township, Yangon.

Royal Garden View Condo

Only 4 Days From Show Chance

ဧရာဝတီဘဏ်၏ပံ့ပိုးကူညီမှုနှင့်အတူ H.P စနစ်ဖြင့်ဝယ်ယူနိုင်ခြင်း
အဆင့်မြင့်အခန်းဖွဲ့စည်းပြင်ဆင်မှုနှင့်အတူ အထူး Discount များဖြင့်
ယနေ့မှစ၍ အရောင်းပြပွဲကာလ (၄)ရက်အတွင်း ရရှိနိုင်မည့်ခံစားခွင့်များအား
ရယူနိုင်ရန် ဦးဝိစာရလမ်း၊ တပ်မတော်ခန်းမရှိ Golden YADANAR MYAING
CONSTRUCTION CO.,LTD. အရောင်းပြခန်းသို့လာရောက်လေ့လာဝယ်ယူနိုင်ပါရန်
သတင်းကောင်းပါးအပ်ပါသည်။

These Projects are Fully Decoration & 15% to 20% Discount

30th March To 2nd April Hot Line : 01-399479 09-73194475 09-73194476.

Show Room: No.178 Upper Pansodan Road, Mingalar Taung Nyunt Township, Yangon

## (၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး**

**ဦးတင်မောင်ဦးရွှေ**

**(၃၀-၃-၂၀၁၇)**

ကျေးဇူးရှင်ဖခင်ကြီး ကွယ်လွန်သွားခဲ့သည်မှာ (၃)နှစ်ပြည့်မြောက်ခဲ့သော်လည်း ဖခင်ကြီး၏ ကြီးမားလှသော မေတ္တာတရားများနှင့် ကျေးဇူးတရားများကို အမြဲသတိရ လွမ်းဆွတ်လျက်ပါ။ ဖခင်ကြီးအား ရည်စူးပြီး နေ့စဉ်၊ လစဉ်ပြုလုပ်နေသော ကောင်းမှုကုသိုလ်များနှင့် ယနေ့ (၃)နှစ်ပြည့်တွင် သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ သက်နှ်းအစရှိသော လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် ကျောင်းဆောက်ရန် မတည်လှူဒါန်းငွေများကို ဖေဖေ မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

**ဇနီး - ဒေါ်မြင့်မြင့်အေး**
**သမီး - မတင်ဇာလင်း**
**သား - မောင်အောင်ကိုကို၊ မောင်သန့်စင်အောင် (သန့်စင်မိသားစု)**

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးချစ်စံ(ဇာသပြင်) (၉၄)နှစ်**

**အဖွဲ့ခွဲမှူး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ(အလယ်)လမ်း၊ အမှတ်(၂၈၄/၂၈၈)၊ မြေညီထပ်နေ (ဦးဖိုးခက်-ဒေါ်ငွေစု)တို့၏သားကြီး၊ (ဒေါ်ကျင်မွေး)၏ခင်ပွန်း၊ (ဦးသန်းဦး)-ဒေါ်အမာသန်း(ရေနံ/ဓာတု-ငြိမ်း)၊ ဦးသိန်းဇံ-ဒေါ်ခင်သီတာဝေ၊ ဒေါ်မြစံ၊ဦးဌေးမြင့်-ဒေါ်မွန်မွန်ချို၊ ဦးစန်းမြင့်-(ဒေါ်မြင့်မြင့်ချို)၊ ဦးသန့်ဇင်-ဒေါ်နီလာဆွေ၊ ဦးအောင်မင်း-ဒေါ်အေးအေးမြင့်၊ ဒေါ်ညိုညိုတင်၊ ဗိုလ်မှူးညဏ်စိုး(ငြိမ်း) (ဆောက်လုပ်ရေးဝန်ကြီးဌာန-ငြိမ်း)၊ ဦးနီထွန်း-ဒေါ်သီတာအေးတို့၏ဖခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ်ကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၂၈-၃-၂၀၁၇(အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၇ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်း၊ ကျောင်း ဒါယကာကြီး**

**ဦးချစ်စံ(ဇာသပြင်) (၉၄)နှစ်**

**အဖွဲ့ခွဲမှူး(ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာ(အလယ်)လမ်း၊ အမှတ်(၂၈၄/၂၈၈)၊ မြေညီထပ်နေ (ဦးဖိုးခက်-ဒေါ်ငွေစု)တို့၏သားကြီး၊ (ဒေါ်ကျင်မွေး)၏ခင်ပွန်း၊ဒေါ်သိန်းညွန့်၊ ဦးခင်မောင်အေး-(ဒေါ်အုံးကြွယ်)၊ ဒေါ်မြင့်မူ(ဦးတင်စော)၊ ဦးစိန်ဝင်း-ဒေါ်ခင်မြရီ၊ ဦးညဏ်ဝင်းတို့၏အစ်ကိုကြီးသည် ၂၈-၃-၂၀၁၇ (အင်္ဂါနေ့) နံနက် ၇း၁၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၄-၂၀၁၇(တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကျော့ခင် (၈၁)နှစ်**

**စစ်တွေမြို့**

**(လဝက)(ငြိမ်း)**

စစ်တွေမြို့၊ လမ်းမတော်တောင်ရပ် ကွက်နေ (ဦးကျော်ထွန်းအောင်-ဒေါ်အေးခင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ အမှတ်(၁၁၉)၊ (၂၇)လမ်းနေ [ဦးဖြူမောင်(လဝက-ငြိမ်း)]၏ဇနီး၊ ဦးစံသိန်း (ခေတ္တ-စင်ကာပူ)-ဒေါ်လေးလေးရီ၊ ဒေါ်မြမြစန်း(မစံ) (လဝကမှူး၊ လသာမြို့နယ်၊ လဝကဦးစီးဌာနမှူးရုံး)၊ ဦးမျိုးညွန့်-ဒေါ်စုစုအောင်၊ ဒေါ်တင်တင်ဖြူတို့၏ ချစ်လှစွာသောမွေးသမိခင်ကျေးဇူးရှင်၊ မဝင့်ရည်နှင်း (ခေတ္တ-စင်ကာပူ)၊ မောင်ကျော်ထက်ထွန်း (ပထမနှစ်၊ ဒဂုံတက္ကသိုလ်)၊ မောင်ဟိန်းခန့်လင်း (အဌမတန်း၊ အလက-၁၊ ဒဂုံ)တို့၏ ချစ်လှစွာသောဘွားဘွားကြီး၊ ဦးကျော်ဖုံလှ-ဒေါ်မေမြ၊ ဒေါ်အုန်းခင် တို့၏ အစ်မကြီး ဒေါ်ကျော့ခင်သည် ၂၈-၃-၂၀၁၇ ရက် နံနက် ၆း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးအထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၃-၂၀၁၇ (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

Mrs.Aruna Baradwaja (ကျောင်းအုပ်ဆရာမကြီး)၊ M.L.A International School သည် ၂၆-၃-၂၀၁၇ ရက်နေ့ နံနက် ၂း၁၀နာရီတွင် အိန္ဒိယနိုင်ငံ Chennai မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အားလုံးချစ်ခင်လေးစားရပါသောဆရာမကြီး ကောင်းရာသုဂတိလားပါစေ။

**M.L.A International School မှ**
**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ခင် (၇၂)နှစ်**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်-ဒေါက်တာမြင့်မြင့်ခိုင်တို့၏ဖခင် ဦးမြင့်ခင် အသက်(၇၂)နှစ်သည် ၂၅-၃-၂၀၁၇ ရက်နေ့တွင် မိတ္ထီလာမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းဆင့်(ခ)ဖြူဖြူ**

**အသက်(၆၉)နှစ်**

**အကြီးတန်းစာရေး(ငြိမ်း)၊ ကညန**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ (ဦးဝင်းမြတ်)၏ဇနီး ဒေါ်သန်းဆင့်(ခ)ဖြူဖြူ (အကြီးတန်းစာရေး-ငြိမ်း၊ ကညန)သည် ၂၄-၃-၂၀၁၇ရက် (သောကြာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကညန အငြိမ်းစားဝန်ထမ်းများ လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

---

# ကြိုတင်ဝင်ငွေခွန် ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

* ကြိုတင်ဝင်ငွေခွန်ပေးဆောင်ကြပါရန် (၁၀-၃-၂၀၁၇၊ ၁၁-၃-၂၀၁၇၊ ၁၃-၃-၂၀၁၇၊ ၁၅-၃-၂၀၁၇၊ ၁၇-၃-၂၀၁၇) ရက်နေ့များတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

* တည်ဆဲဝင်ငွေခွန်ဥပဒေပုဒ်မ ၁၆-က အရ ဝင်ငွေနှစ်အတွင်း မိမိရရှိမည့် စုစုပေါင်းဝင်ငွေကို ခန့်မှန်းတွက်ချက်၍ ယင်းအပေါ်တွင် ကျသင့်သည့်အခွန်ကို ကြိုတင်ပေးဆောင်ရန် နည်းလမ်းများကို ပြဋ္ဌာန်းထားရာ ကျသင့်သည့်အခွန်ကို သုံးလတစ်ကြိမ် သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်ဖြစ်ပါသည်။

* ကြိုတင်ပေးသွင်းရမည့်အခွန်ကို မပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့် အခွန်သည် သက်ဆိုင်ရာစည်းကြပ်မှုတွင် ကျသင့်သည့်အခွန်ထက်လျော့လျှင် ယင်းပေးသွင်းရန် ပျက်ကွက်သည့်ငွေ သို့မဟုတ် လျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်စေရမည်ဖြစ်ပါသည်။

* ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုပါတော့သဖြင့် ပေးသွင်းရမည့် ကြိုတင်ဝင်ငွေခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

# ကုန်သွယ်လုပ်ငန်းခွန် ကြိုတင်ခွန်ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ချက်

* ကုန်သွယ်လုပ်ငန်းခွန်ကြိုတင်ခွန်ပေးဆောင်ကြပါရန် (၁၁-၃-၂၀၁၇၊ ၁၂-၃-၂၀၁၇၊ ၁၃-၃-၂၀၁၇၊ ၁၅-၃-၂၀၁၇၊ ၁၇-၃-၂၀၁၇) ရက်နေ့များတွင် အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

* တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၁၂(က)အရ မည်သူမဆို နှစ်တစ်နှစ်အတွင်း အခွန်စည်းကြပ်ထိုက်သော ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရှိလျှင် လစဉ်ကျသင့်သောအခွန်ကို သက်ဆိုင်ရာ လကုန်ဆုံးပြီး တစ်ဆယ်ရက်အတွင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုအပေါ် သုံးလတစ်ကြိမ် ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီးနောက် တစ်လအတွင်း တင်ပြရမည်ဖြစ်ပါသည်။

* တည်ဆဲကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၁(ခ) အရ သတ်မှတ်ထားသောအချိန်အတွင်း လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ သုံးလတစ်ကြိမ် ကြေညာလွှာပေးပို့ရန် ပျက်ကွက်ခြင်းတို့အတွက် ပျက်ကွက်မှုတစ်မျိုးစီအလိုက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းနှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

* ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုပါတော့သဖြင့် ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းရမည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်ကို မပျက်မကွက် အချိန်မီပေးသွင်းကြပါရန်နှင့် သုံးလတစ်ကြိမ် ကြေညာလွှာကို အချိန်မီတင်သွင်းကြပါရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးအောင်တင်ထွန်း(ဖျာပုံ) (၆၃)နှစ်**

**B.Sc (Geology) 1975**

စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ ဇေတဝန်လမ်းနေ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း ဦးအောင်တင်ထွန်း(ဖျာပုံ) အသက်(၆၃)နှစ်သည် ၂၅-၃-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၇၁-၇၅) ဘူမိတွဲလက်များ**
**လူမှုရေးအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဘက်တီလင်ဘူး (၆၈) နှစ်**

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC ၏ ပထမဦးဆုံးကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး (Chief Teacher Trainer-ILBC) ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးတင်မောင်ဝင်း-ဒေါ်ရူပါမြင့်မိသားစု**
**ILBC,YIS**

---

## ဖောင်းကြွပျောက်

## လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/1049 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**



# ရခိုင်ပြည်နယ်တောင်ပိုင်းဒေသအတွက် ခရီးသည်တင်အမြန်ရေယာဉ် လွှဲပြောင်းပေးအပ်

**စစ်တွေ မတ် ၂၉**

ရခိုင်ပြည်နယ် တောင်ပိုင်းဒေသရေလမ်းခရီးတွင် အသုံးပြုနိုင်ရန်အတွက် ဂျပန်နိုင်ငံအစိုးရ၏ The Economic and Social Development Programme အစီအစဉ်ဖြင့် ပေးအပ်လှူဒါန်းသည့် ရေယာဉ်သုံးစင်းအနက် ပထမတစ်စင်းဖြစ်သည့် ကစ္ဆပနဒီ-၁ ခရီးသည်တင် အမြန်ရေယာဉ် လွှဲပြောင်းပေးအပ်ပွဲကို ရခိုင်ပြည်နယ် စစ်တွေမြို့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ဦးဆိပ်ကမ်း၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကစ္ဆပနဒီ-၁ ခရီးသည်တင် ရေယာဉ်လွှဲပြောင်းပေးအပ်ခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Tateshi HIGUCHI က ရခိုင်ပြည်နယ်အတွင်း ပြေးဆွဲမည့် ခရီးသည်တင်အမြန်ရေယာဉ်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရီးသည်တင်အမြန်ရေယာဉ် လှူဒါန်းမှုနှင့်ပတ်သက်၍ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးညီပု၏ကိုယ်စား လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr.Tateshi HIGUCHI က ကစ္ဆပနဒီ-၁ ခရီးသည်တင်အမြန်ရေယာဉ် လွှဲပြောင်းပေးအပ်ခြင်း အထိမ်းအမှတ်အဖြစ် သော့တံအား ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်ထံ ပေးအပ်ခဲ့ပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ❒

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၃၁ ရက် သတင်းစာတွင် ပါရှိမည်

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၃၁ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။ (ကြေးမုံ)

# နိုင်ငံတော်အစိုးရမှ မြန်မာရေလုပ်သား ၈၈ ဦးအား မိသားစုဝင်များနှင့် ပေါင်းစည်းရေးအတွက် ပြန်လည်ခေါ်ယူ

**ရန်ကုန် မတ် ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြင့်စိုး ဦးဆောင်သောအဖွဲ့သည် အိန္ဒိယနိုင်ငံဥပဒေအရ ပြစ်ဒဏ်ကျခံပြီး Open Distress Camps ၌ ထိန်းသိမ်းထားသည့် မြန်မာရေလုပ်သား ၈၈ ဦးအား ပြန်လည်ခေါ်ယူနိုင်ရန် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မြန်မာအမျိုးသားလေကြောင်းလိုင်း စင်းလုံးငှားလေယာဉ်ဖြင့် အိန္ဒိယနိုင်ငံသို့ ထွက်ခွာခဲ့ရာ ဒေသစံတော်ချိန် နံနက် ၁ နာရီ မိနစ် ၂၀ တွင် ပို့ဘလဲယားမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် ပို့ဘလဲယားလေဆိပ်ဧည့်ခန်းမ၌ အိန္ဒိယနိုင်ငံအစိုးရမှ တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ နယူးဒေလီမြန်မာသံရုံးမှ သံမှူးကြီး ဦးဇော်နိုင်ဝင်း၊ ကာလကတ္တားမြို့ ကောင်စစ်ဝန်ချုပ်ရုံး သံရုံးအုပ်များဖြစ်ကြသည့် ဦးတင်ထွန်းအောင်နှင့် ဦးကျော်နေစိုးတို့က မြန်မာနိုင်ငံသားများဖြစ်ကြောင်း အတည်ပြုချက်ရရှိပြီးသူ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



တောင်ကိုရီးယားနှင့် အီရန်အသင်း ယှဉ်ပြိုင်နေစဉ်။

**နေပြည်တော် မတ် ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲဒုတိယနေ့တွင် အိမ်ရှင်မြန်မာအသင်း ပွဲစဉ်မပါဝင်ဘဲ အုပ်စု(က)အခြားပွဲတွင် ဩစတြေးလျအသင်းက ဟောင်ကောင်အသင်းကို သုံးပွဲပြတ်အနိုင်ရခဲ့သည်။ ထို့ကြောင့် နိုင်ပွဲတစ်ပွဲစီရထားသည့် မြန်မာနှင့် ဩစတြေးလျအသင်းတို့မှာ ကွာတားဖိုင်နယ် တက်ရောက်ခဲ့ပြီး ယနေ့ကစားမည့်ပွဲတွင် အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အခြားပွဲစဉ်များတွင် တောင်ကိုရီးယားအသင်းက အီရန်အသင်းကို သုံးပွဲပြတ်၊ ဂျပန်အသင်းက သီရိလင်္ကာအသင်းကို သုံးပွဲပြတ်တို့ဖြင့် **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✪






ကြေးမုံ
အထူးကဏ္ဍ
၁၀-၃-၂၀၁၇ (ကြာသပတေးနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ပထမ တစ်နှစ်တာ

# စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တစ်နှစ်တာခရီး

ခင်ရတနာ



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း။

**အစိုးရသစ်တက်လာပြီးနောက် ပြည်သူတို့အတွက် ပထမရက် ၁၀၀ စီမံကိန်းကာလများကတည်းက ပြည်တွင်းပြည်ပ လုပ်ငန်းရှင်များအတွက် ကုမ္ပဏီမှတ်ပုံတင်ကြေးများကို ထက်ဝက်ခန့်လျှော့ချပေးခြင်းများ ပါဝင်သည့် ဖြေလျှော့မှုများကြောင့် ယခင်နှစ်က ကုမ္ပဏီမှတ်ပုံတင်မှု ၇၉၃၃ ခုသာရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ ၉၃၆၃ အထိ တိုးတက်မှတ်ပုံတင်ပေးနိုင်ခဲ့**

နိုင်ငံတစ်နိုင်ငံ၏ မောင်းနှင်အားများအနက် စီးပွားရေးခိုင်မာတောင့်တင်းမှုသည် အလွန်အရေးကြီးသည်။ စီးပွားရေးဆိုင်ရာ မြင့်တင်မှုများ ပြုလုပ်ရေး၊ ကိန်းဂဏန်းအချက်အလက်နှင့် စာရင်းဇယားများ မှန်ကန်ရေး၊ ငွေကြေးတည်ငြိမ်စေရေး၊ ကုန်သွယ်မှုပမာဏ တိုးမြင့်လာစေရေး၊ ကုန်သွယ်မှုလိုငွေလျှော့ချနိုင်ရေးတို့သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးအောင်မြင်မှုလမ်းစများပင် ဖြစ်သည်။

အစိုးရသစ်လက်ထက်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနတို့ကို ပေါင်းစည်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအဖြစ် အသစ်ပြန်လည်ဖွဲ့စည်းထားပြီး မြန်မာ့စီးပွားရေးကဏ္ဍကို မြှင့်တင်ပေးနိုင်ရန်အတွက် အဆိုပါဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိသည်။

**ထုတ်ပြန်ကြေညာ**

အစိုးရသစ်တက်လာပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများရရှိရန်၊ လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍ ဘက်ညီဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံသားတိုင်း မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးလုပ်ငန်းများကို လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဘက်ညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ရေရှည်အကျိုးရှိစေမည့် စီးပွားရေးမူဝါဒများကို ထုတ်ပြန်ကြေညာထားခဲ့သည်။

တစ်နှစ်တာအတွင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒများ၊ ဝန်ကြီးဌာန၏ မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူအတွက် လတ်တလောအကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းများကို လုပ်ဆောင်နေသည့်နည်းတူ တစ်ဖက်တွင်လည်း ရေရှည်အကျိုးရှိစေမည့် စီမံကိန်းများ၊ ငွေကြေးဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းများကိုလည်း ရေးဆွဲလျက်ရှိကြောင်း သိရသည်။

မြန်မာ့စီးပွားရေးကဏ္ဍတွင် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများကို တန်းတူယှဉ်ပြိုင်ခွင့်ရရှိစေပြီး တာဝန်ယူမှုရှိကာ အပြန်အလှန်အကျိုးရှိစေမည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုရန်နှင့် လွယ်ကူရှင်းလင်းသည့် လုပ်ထုံးလုပ်နည်းများဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အဆင်ပြေစွာဆောင်ရွက်ပေးရန်အတွက်လည်း ရင်းနှီးမြှုပ်နှံမှုမူဝါဒများကို ချမှတ်ခဲ့သည်။

**ဦးမော့လာစေ**

သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိသော၊ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်လာစေရန်အတွက်လည်း ရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအတွက်လည်း အတိုင်းအတာတစ်ခုအထိ ကိုယ်ပိုင်ဆုံးဖြတ်ကာ စီးပွားရေးဦးမော့လာစေရန် ဆောင်ရွက်နိုင်ပြီဖြစ်သည်။

အစိုးရသစ်တက်လာပြီးနောက် ပြည်သူတို့အတွက် ပထမရက် ၁၀၀ စီမံကိန်း ကာလများကတည်းက ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များအတွက် ကုမ္ပဏီမှတ်ပုံတင်ကြေးများကို ထက်ဝက်ခန့် လျှော့ချပေးခြင်းများပါဝင်သည့် ဖြေလျှော့မှုများကြောင့် ယခင်နှစ်က ကုမ္ပဏီမှတ်ပုံတင်မှု ၇၉၃၃ ခုသာရှိခဲ့ရာမှ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအထိ ၉၃၆၃ အထိ တိုးတက်မှတ်ပုံတင်ပေးနိုင်ခဲ့ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

ယခင်နှစ်များကရရှိထားခဲ့သည့် များစွာသော ပြည်ပအထောက်အပံ့များနှင့် ချေးငွေများမှာ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိထိရောက်မှု အားနည်းခဲ့သည်ကို သိမြင်ခဲ့သည့်အတွက် အစိုးရသစ်လက်ထက်တွင် မြန်မာနိုင်ငံအတွက်ရရှိလာမည့် ဖွံ့ဖြိုးရေး အကူအညီများကို အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများနှင့်အညီ အကျိုးရှိစွာ အသုံးပြုနိုင်ရန်နှင့် ပြည်တွင်းပြည်ပအလှူရှင်

**အထူးကဏ္ဍ (ခ) သို့ »»**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အဆောက်အအုံကို တွေ့ရစဉ်။






ရန်ကုန်စတော့အိတ်ချိန်း။

**ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်း ကျော်၏ လူမှုစီးပွားဘဝတိုးတက် မြင့်မားရေးကို အထောက်အကူဖြစ်စေမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၁၆၈ ဖွဲ့အား လုပ်ကိုင်ခွင့်ပြုခဲ့ပြီး အသေးစား ငွေရေးကြေးရေးလုပ်ငန်း ချေးငွေများ ထုတ်ချေးလျက်ရှိရာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ကျေးရွာပေါင်း ၁၃၆၉၃ ရွာ၊ လူဦးရေ ၁ ဒသမ ၈၇၄ သန်းအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၁ ဒသမ ၄၅၀ သန်းနှင့် ပြန်လည်စုဆောင်းငွေကျပ် သုည ဒသမ ၀၉၀ ရှိခဲ့ရာမှ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၅၉၁၈ ရွာ၊ လူဦးရေ ၂ ဒသမ ၄၅ သန်းအတွက် ထုတ်ချေးငွေ ၂ ဒသမ ၂၆၈ သန်းနှင့် စုဆောင်းငွေကျပ် သန်းပေါင်း သုည ဒသမ ၁၄၀ အထိ ရှိလာခဲ့**

**အထူးကဏ္ဍ (က) မှ »»**
များနှင့် နီးကပ်စွာပိုမိုပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖွံ့ဖြိုးမှုညှိနှိုင်းရေးအဖွဲ့(DACU) ကိုလည်း ဖွဲ့စည်းခဲ့သည်။

**ပိတ်သင့်တာပိတ်၊ လွှဲသင့်တာလွှဲ**

"၂၀၁၀ ကစပြီး စက်မှုဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ သယံဇာတနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန လက်အောက်တွေမှာရှိတဲ့ စက်ရုံတွေ၊ စီးပွားရေးလုပ်ငန်းတွေ အတော်များများဟာ ဆက်တိုက်အရှုံးပေါ်နေခဲ့ပြီး နှစ်စဉ် ဘတ်ဂျက်လိုငွေကို ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် ဝန်ကြီးဌာနအနေနဲ့ အဲဒီစက်ရုံတွေ၊ အလုပ်ရုံတွေနဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်သုံးသပ်ပြီး ပိတ်သင့် တာကိုပိတ်ဖို့၊ ပုဂ္ဂလိကကို လွှဲသင့်တာလွှဲဖို့တွေကို ဘတ်ဂျက်လိုငွေ လျှော့ကျရေးအတွက် နည်းလမ်းပေါင်းစုံအသုံးပြုပြီး လက်တွေ့ကျကျ ပကတိအခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် သုံးသပ်ဆောင်ရွက်နေပါတယ်။ ဥပမာပြောရရင် မြင်းခြံ သံမဏိစက်ရုံ၊ ပင်းပက်စက်ရုံ၊ သာပေါင်းစက်ရုံနဲ့ သာဂရစက်ရုံတွေဟာ အထင်အရှားဖြစ်ပါတယ်" ဟု စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ပြောကြားသည်။

အစိုးရသစ်တက်လာပြီးနောက် ဝန်ကြီးဌာန ၃၆ ခု အစား ၂၂ ခုဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင် လိုငွေနှင့် ဂျီဒီပီအချိုးကို မူလ ၄ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ ၃ ဒသမ ၉၁ ရာခိုင်နှုန်းသို့ လျှော့ချရေးဆွဲခဲ့ပြီး အရှုံးပေါ်နေသည့် လုပ်ငန်းများကို ခေတ်စနစ်နှင့်အညီ ပြုပြင်ဆောင်ရွက်ရေး၊ ပိတ်သိမ်းပြီး စက်ရုံများမှ ဝန်ထမ်းများအား အခြားသင့်လျော်သည့်နေရာများတွင် ပြန်လည်ခန့်ထားရေးများပြုလုပ်ခဲ့ပြီး ဗဟိုဘဏ်မှ လိုငွေဖြည့်ဆည်းပေးရခြင်းမှ တားဆီးရန်အတွက် အစိုးရငွေတိုက်စာချုပ်များ၊ အစိုးရငွေတိုက်လက်မှတ်များကို ပုဂ္ဂလိကဘဏ်များ၊ နိုင်ငံခြားဘဏ်ခွဲများနှင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသို့ ရောင်းချပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**အရာမထင်**

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ကတည်းက ပြည့်စုံမှန်ကန်မှုမရှိသည့် ကိန်းဂဏန်းများ၊ စာရင်းအင်းအချက်အလက်များကြောင့် သုံးသပ်ချက်များလွဲချော်ကာ စီမံကိန်းများ အရာမထင်မှု၊ စီးပွားရေးကျဆင်းမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကို ခံစားခဲ့ရပြီး ကြီးမားသည့်ဆုံးရှုံးမှုများကို ကြုံတွေ့ခဲ့ခြင်းကြောင့် စာရင်းအင်းဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု ယန္တရားခိုင်မာအားကောင်းစေရန် စာရင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးတို့အတွက် ဒုတိယသမ္မတ (၂) ဦးဆောင်သည့် စာရင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီကို ဖွဲ့စည်းကာ သုံးလတစ်ကြိမ် ဆွေးနွေးခြင်းဖြင့် စာရင်းအင်းများ စနစ်တကျဖြစ်ပေါ်လာစေရေးအတွက် ဆောင်ရွက်နိုင်ခဲ့ပြီး စာရင်းအင်းဥပဒေပြဋ္ဌာန်းနိုင်ရေး လွှတ်တော်သို့တင်ပြထားကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့စီးပွားရေးဘဏ်မှလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှတစ်ဆင့် တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မူလ တစ်ဧက ငွေကျပ် တစ်သိန်းမှ အစိုးရသစ်လက်ထက်တွင် တစ်ဧက ငွေကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ထုတ်ချေးခဲ့ရာ စုစုပေါင်း စိုက်ပျိုးစရိတ် ထုတ်ချေးငွေကျပ် ၁၆၁၄ ဒသမ ၄၅၃ ဘီလီယံအထိ ပေးအပ်ခဲ့ကြောင်းသိရပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား လုပ်ငန်းပိုမိုလည်ပတ်နိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်သို့ လွှဲပြောင်းနိုင်ရန် စီစဉ်လျက်ရှိကြောင်း၊ ထို့ပြင် တောင်သူများအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ပိုမိုကျယ်ပြန့်စွာထုတ်ချေးနိုင်ရေးအတွက် ပုဂ္ဂလိကဘဏ်များက ပူးပေါင်းဆောင်ရွက်ရန်အတွက်လည်း ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။


**ငွေကျပ် ဘီလီယံ ၅၀၀**

"စိုက်ပျိုးစရိတ်ချေးငွေတွေကို ထုတ်ချေးတဲ့အခါ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ ငွေမလုံလောက်ခဲ့ရင် ဖြည့်ဆည်းဖို့ မြန်မာနိုင်ငံဗဟိုဘဏ်ထံမှာ ငွေကျပ် ဘီလီယံ ၅၀၀ ချေးယူဖို့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြခဲ့ပေမယ့် အမှန်တကယ် ချေးငွေထုတ်ပေးတဲ့အခါ မြန်မာ့စီးပွားရေးဘဏ်ရဲ့ လက်ကျန်ငွေနဲ့ လုံလောက်တဲ့အတွက် ဗဟိုဘဏ်ကနေ ချေးယူခြင်း မရှိခဲ့ဘူး"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်၏ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေမည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ၁၆၈ ဖွဲ့အား လုပ်ကိုင်ခွင့်ပြုခဲ့ပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းချေးငွေများ ထုတ်ချေးလျက်ရှိရာ ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ကျေးရွာပေါင်း ၁၃၆၉၃ ရွာ၊ လူဦးရေ ၁ ဒသမ ၈၇၄ သန်းအတွက် ချေးငွေစုစုပေါင်း ငွေကျပ် ၁ ဒသမ ၄၅၀ သန်းနှင့် ပြန်လည်စုဆောင်းငွေကျပ် သုည ဒသမ ၀၉၀ ရှိခဲ့ရာမှ ယခု ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၅၉၁၈ ရွာ၊ လူဦးရေ ၂ ဒသမ ၄၅ သန်းအတွက် ထုတ်ချေးငွေ ၂ ဒသမ ၂၆၈ သန်းနှင့် စုဆောင်းငွေကျပ် သန်းပေါင်း သုည ဒသမ ၁၄၀ အထိ ရှိလာခဲ့သည်။

မြန်မာ့အာမခံလုပ်ငန်းမှ အာမခံလျော်ကြေးများကို အလျင်မြန်ဆုံးပေးအပ်နိုင်ရန် ပြုပြင်ပြောင်းလဲခဲ့ရာ ၂၀၁၆ ခုနှစ် ဩဂုတ်လမှစတင်၍ သူတစ်ပါးထိခိုက်မှုအာမခံ

**အထူးကဏ္ဍ (ဂ) သို့ »»**




ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို တွေ့ရစဉ်။

**ပြည်သူများ ဆုံးရှုံးမှုတစ်စုံတစ်ရာ ကြုံကြိုက်လာပါက ဆုံးရှုံးမှု နည်းပါးစေရန် ရည်ရွယ်ကာ လက်ရှိအာမခံအမျိုးအစား ကိုးမျိုးအပြင် အမျိုးအစားသစ် ၁၁ မျိုးအား ပုဂ္ဂလိက အာမခံကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပြုရန် ရည်ရွယ်ဆောင်ရွက်နေပြီး အာမခံဈေးကွက်အတွင်း အပြည့်ပြိုင်ဈေးကွက်အဖြစ် ဖန်တီးနိုင်ရေးအတွက် နိုင်ငံခြားအာမခံကုမ္ပဏီများ ကိုလည်း ယခုနှစ်အတွင်း လိုင်စင်များထုတ်ပေးမည်ဖြစ်**



သွင်းကုန်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသောဌာန။

**အထူးကဏ္ဍ (ခ) မှ »»**
ပရီမီယံပေးသွင်းခြင်းကို အနိမ့်ဆုံးငွေကျပ် ၂၀၀၀ မှ ကျပ် ၅၀၀၀ သို့တိုးမြှင့်ခဲ့ပြီး နစ်နာကြေးများကိုလည်း ကျပ်ငါးသိန်းမှ ၁၀ သိန်းသို့ တိုးမြှင့်ခဲ့ကြောင်း သိရသည်။ ချင်းတွင်းမြစ်အတွင်း အောင်စိုးမိုးကျော်-၂ ရေယာဉ်တိမ်းမှောက်မှုတွင် သေဆုံးသူ ၄၁ ဦးအတွက် ကျပ်သိန်း ၄၁၀ နှင့် မန္တလာမင်း၊ ကြယ်စင်ဟိန်း-မြတ်မိုးယာဉ်လိုင်းတို့မှ ယာဉ်တိမ်းမှောက်မှုဖြစ်စဉ်များအတွက် သေဆုံးသူ ၁၈ ဦး၊ ဒဏ်ရာရသူ ခြောက်ဦးတို့အတွက် နစ်နာကြေး ၃၇၀ ဒသမ ၀၃ သိန်းကိုလည်း အချိန်မဆိုင်း ပေးအပ်ခဲ့သည်။ မီးအာမခံအနေဖြင့် မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မီးလောင်ဆုံးရှုံးမှုများအတွက် ကျပ်သိန်း ၇၈၀၀ ကျော်ကိုလည်း ၂၀၁၇ ခုနှစ် ဇန်နဝါရီလတွင် ပေးအပ်ခဲ့ကြောင်း ဝန်ကြီးဌာနမှသိရသည်။

**အာမခံအမျိုးအစားသစ် ၁၁ မျိုး**

ပြည်သူများ ဆုံးရှုံးမှုတစ်စုံတစ်ရာ ကြုံကြိုက်လာပါက ဆုံးရှုံးမှုနည်းပါးစေရန် ရည်ရွယ်ကာ လက်ရှိအာမခံအမျိုးအစား ကိုးမျိုးအပြင် အမျိုးအစားသစ် ၁၁ မျိုးအား ပုဂ္ဂလိက အာမခံကုမ္ပဏီများသို့ လုပ်ကိုင်ခွင့်ပြုရန် ရည်ရွယ်ဆောင်ရွက်နေပြီး အာမခံဈေးကွက်အတွင်း အပြည့်ပြိုင်ဈေးကွက်အဖြစ် ဖန်တီးနိုင်ရေးအတွက် နိုင်ငံခြားအာမခံကုမ္ပဏီများကိုလည်း ယခုနှစ်အတွင်း လိုင်စင်များထုတ်ပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးအာမခံအမျိုးအစားကိုလည်း အများပြည်သူများသို့ မတ်လအတွင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ သိရသည်။

ကုန်သွယ်မှုပမာဏ တိုးမြှင့်လာစေရေး၊ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်စေရေးနှင့် ကုန်သွယ်မှုလိုငွေ လျှော့ချရေးအတွက်
**အထူးကဏ္ဍ (ဃ) သို့ »»**



ကွန်တိန်နာများကို X-ray Scanning နည်းပညာဖြင့် ကြပ်မတ်စစ်ဆေးနေသည်ကို တွေ့ရစဉ်။



အသေးစားစီးပွားရေးလုပ်ငန်းတစ်ခု၏ လုပ်ငန်းခွင်။

ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်နှင့် ဝန်ဆောင်မှုခွန်သို့ ပြောင်းလဲနိုင်ရေး၊ အခွန်ဆိုင်ရာဥပဒေများ ရှင်းလင်းလွယ်ကူစေရေးအတွက် ကုန်သွယ်လုပ်ငန်းခွန်တွင်ပါဝင်ခဲ့သော အထူးကုန်စည်များအား နိုင်ငံတကာနည်းတူ ၂၀၁၆ ခုနှစ်တွင် အထူးကုန်စည်ခွန်ဥပဒေအဖြစ် သီးခြားပြဋ္ဌာန်းခဲ့ပြီး အခွန်စည်းကြပ်ကောက်ခံခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇန်နဝါရီလကုန်အထိ အထူးကုန်စည်ခွန် ကျပ် ၇၂၉ ဒသမ ၃၁၁ ဘီလီယံ ကောက်ခံရရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ငွေကျပ် ၂၇၃ ဒသမ ၉၄၉ ဘီလီယံ ပိုမိုကောက်ခံရရှိထားပြီးဖြစ်

အထူးကဏ္ဍ (၈) မှ »»
အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌတို့က ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ အပတ်စဉ် ပူးပေါင်းညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် ကုန်သွယ်ရာ၌ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့သည်မှာ ကာလကြာညောင်းခဲ့ပြီဖြစ်သည့်အတွက် ပို့ကုန်ဝင်ငွေတိုးတက်ရရှိရေး (Export Proceed)၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ပပို့ကုန်တိုးတက်စေရေးအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)တို့မှ လုပ်ငန်းရှင်များနှင့် လစဉ်အစည်းအဝေးများပြုလုပ်ကာ ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်သွယ်မှုလိုငွေဖြစ်ပေါ်မှုနှင့် တရားမဝင်ကုန်သွယ်မှုကို တားဆီးရန်အတွက် မူဆယ်-မန္တလေး ကုန်သွယ်မှုလမ်းကြောင်းများပေါ်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများကို စတင်ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

**သန်းပေါင်း တစ်သောင်းကျော်**

နိုင်ငံတော်အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း အကောက်ခွန်ဦးစီးဌာနအနေဖြင့် အမြဲတမ်းစစ်ဆေးရေးစခန်းများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အကောက်ခွန် စစ်ဆေးရေးစခန်းများမှ တရားမဝင်ကုန်စည် ဖမ်းဆီးရမိမှုမှာ ခန့်မှန်းတန်ဖိုး ကျပ်သန်းပေါင်း ၅၂၆၇ သန်းကျော်နှင့် ရန်ကုန်ရုံးချုပ်နယ်မြေရှိ ဆိပ်ကမ်း၊ လေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံနှင့် အကောက်ခွန်အထူးကင်းအဖွဲ့များမှ ဖမ်းဆီးရမိမှုမှာ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း ၅၇၂၀ သန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဂျပန်နိုင်ငံအစိုးရ၏ ဘဏ္ဍာရေးနှင့် နည်းပညာအကူအညီဖြင့် အလိုအလျောက် ကုန်ပစ္စည်းရှင်းလင်းရေးစနစ်(MACCS)စနစ်ကို ကျင့်သုံးခဲ့သည့်အတွက် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို အွန်လိုင်းစနစ်ဖြင့် အချိန်တိုအတွင်း ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်ကြောင်း သိရသည်။

ယင်းစနစ်သည် အစိုးရဌာနဆိုင်ရာများ၊ သွင်းကုန် ထုတ်ကုန်လုပ်ငန်းရှင်များ၊ သင်္ဘောလိုင်းများ၊ ဆိပ်ကမ်းများ၊ အကောက်ခွန်ဝန်ဆောင်မှုအသင်းအဖွဲ့များအားလုံး ချိတ်ဆက်ဆောင်ရွက်နိုင်သည့်စနစ်တစ်ခုဖြစ်ပြီး ရန်ကုန်ဧရိယာတွင် အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ပြီးပါက ၂၀၁၈ ခုနှစ်နောက်ပိုင်းတွင် နယ်စပ်ဒေသများအထိ တိုးချဲ့သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ကိုယ်တိုင်အခွန်စည်းကြပ်**

အခွန်များကောက်ခံရာတွင် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(LTO)၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်စေရန်အတွက် အလယ်အလတ်ဆိုင်ရာ အခွန်ထမ်းကြီးများရုံးကိုလည်း တိုးချဲ့ဖွဲ့စည်းထားခဲ့ပြီး အခွန်ကောက်ခံမှုစနစ်တွင် အခွန်ထမ်းကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ်ကို အပြည့်အဝကျင့်သုံးနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ပြည်တွင်းအခွန်များဦးစီးဌာနမှ သိရသည်။

ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်နှင့် ဝန်ဆောင်မှုခွန်သို့ပြောင်းလဲနိုင်ရေး၊ အခွန်ဆိုင်ရာ ဥပဒေများရှင်းလင်းလွယ်ကူစေရေးအတွက် ကုန်သွယ်လုပ်ငန်းခွန်တွင် ပါဝင်ခဲ့သော အထူးကုန်စည်များအား နိုင်ငံတကာနည်းတူ ၂၀၁၆ ခုနှစ်တွင် အထူးကုန်စည်ခွန်ဥပဒေအဖြစ် သီးခြားပြဋ္ဌာန်းခဲ့ပြီး အခွန်စည်းကြပ်ကောက်ခံခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဇန်နဝါရီလကုန်အထိ အထူးကုန်စည်ခွန် ကျပ် ၇၂၉ ဒသမ ၃၁၁ ဘီလီယံ ကောက်ခံရရှိခဲ့ပြီး ယမန်နှစ် အလားတူကာလထက် ငွေကျပ် ၂၇၃ ဒသမ ၉၄၉ ဘီလီယံ ပိုမိုကောက်ခံရရှိထားပြီးဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းပြောဆိုခများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ငါးရာခိုင်နှုန်းကို စတင်ကောက်ခံခဲ့ပြီး ၂၀၁၆ ခုနှစ် ဧပြီလအတွက် ကောက်ခံရရှိ ငွေ ၇ ဒသမ ၅၅၄ ဘီလီယံကို ပညာရေးကဏ္ဍ၌ သုံးစွဲရန်လွှဲပြောင်းပေးခဲ့သည်။

**လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ**

ထို့ပြင် စာချုပ်စာတမ်းများအပေါ် တံဆိပ်ခေါင်းခွန်ထမ်းဆောင်စေရန်အတွက် အခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်ပေးခဲ့ပြီး တံဆိပ်ခေါင်းများကို ပြင်ပတွင် သတ်မှတ်တန်ဖိုးထက် ပိုမိုရောင်းချခြင်းကို ကာကွယ်ရန် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ ခန့်ထားပြီး တံဆိပ်ခေါင်းရောင်းရငွေမှ လေးရာခိုင်နှုန်းကို ရောင်းချသူအတွက် ကော်မရှင်ခအဖြစ် သတ်မှတ်ပေးလိုက်ခြင်းကြောင့် လက်ရှိတွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ ၃၆၀ အထိ ရှိလာပြီဖြစ်သည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရမှ ချမှတ်ပေးထားသည့် စီးပွားရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး ရေရှည်အကျိုးရှိစေမည့် စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ဖြစ်လာစေရေးနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်ပွင့်လင်းလွယ်ကူရှင်းလင်းစွာပါဝင်လာစေရေးတို့အတွက် အရှိန်အဟုန်ဖြင့် အောင်မြင်မှုရရှိအောင် ဆောင်ရွက်လျက်ရှိနေပါကြောင်း တင်ပြလိုက်ရပါသည်။ ။



အသေးစားစီးပွားရေးလုပ်ငန်းတစ်ခု၏ လုပ်ငန်းခွင်။

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများ

**အစိုးရသစ်သည် အစိုးရဝန်ကြီးဌာနများအား ကျစ်လျစ်စွာ ဖွဲ့စည်းလိုက်သော်လည်း တိုင်းရင်းသားအရေးကိစ္စများကို သီးခြားဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုဝန်ကြီးဌာနအသစ်တစ်ခု ဖွဲ့စည်းပေးလိုက်သည်မှာ အမျိုးသားရင်ကြားစေ့ရေးအတွက် မည်မျှအလေးထားကြောင်း ပေါ်လွင်ထင်ရှားလှသည်။ တိုင်းရင်းသားများ မျှော်လင့်တောင့်တနေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကြီး အောင်မြင်စွာ ပေါ်ပေါက်လာစေရေးအတွက်လည်း များစွာအထောက်အကူဖြစ်နိုင်မည်ဟု ယုံကြည်မိသည်။**

ကျော်သူထက်

၂၀၁၆ ခုနှစ် မတ် ၃၀ ရက်တွင် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့သော အစိုးရသစ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလေးအနက်ထားဆောင်ရွက်လာသည်။

**အထောက်အကူဖြစ်နိုင်မည်**

နိုင်ငံတော်အဆင့် အကြီးအကဲနေရာများ၊ လွှတ်တော်အကြီးအကဲနေရာများတွင် ကချင်၊ ကရင်၊ ချင်း၊ ရခိုင်၊ မွန် စသော တိုင်းရင်းသားများအား ခန့်အပ်တာဝန်ပေးထားသည်မှာ သိသာထင်ရှားစေသော အချက်ဖြစ်သည်။ အစိုးရသစ်သည် အစိုးရဝန်ကြီးဌာနများအား ကျစ်လျစ်စွာ ဖွဲ့စည်းလိုက်သော်လည်း တိုင်းရင်းသားအရေးကိစ္စများကို သီးခြားဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုဝန်ကြီးဌာနအသစ်တစ်ခု ဖွဲ့စည်းပေးလိုက်သည်မှာ အမျိုးသားရင်ကြားစေ့ရေးအတွက် မည်မျှအလေးထားကြောင်း ပေါ်လွင်ထင်ရှားလှသည်။ တိုင်းရင်းသားများ မျှော်လင့်တောင့်တနေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုစနစ်ကြီး အောင်မြင်စွာပေါ်ပေါက်လာစေရေးအတွက်လည်း များစွာအထောက်အကူဖြစ်နိုင်မည်ဟု ယုံကြည်မိသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားများ၏ အခွင့်အရေး၊ ရပိုင်ခွင့်များနှင့်ပတ်သက်ပြီး တိုင်းရင်းသားများ အပြည့်အဝခံစားနိုင်အောင် ကာကွယ်စောင့်ရှောက်ပေးမည့် ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနလည်းဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားများ၏ အခွင့်အရေး၊ ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရန် ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ သိရှိနိုင်ရန် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်။

**အစိုးရအဖွဲ့အသစ်နဲ့အတူ**

မေး။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဖြစ်ပေါ်လာပုံကို ပြောပြပေးစေလိုပါတယ်။

ဖြေ။ ။ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်မှာ ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ဥပဒေမှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနဖွဲ့စည်းဖို့ပါရှိပေမယ့် ဖွဲ့စည်းနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ အခုအစိုးရလက်ထက်မှာတော့ အစိုးရအဖွဲ့ကို ကျစ်လျစ်စွာလျှော့ချဖွဲ့စည်းခဲ့ပေမယ့်လည်း တိုင်းရင်းသားတွေရဲ့ အရေးကိစ္စကို အထူးအလေးထားတဲ့အနေနဲ့ ၂၀၁၆ ခုနှစ် မတ် ၃၀ ရက်မှာ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို အစိုးရအဖွဲ့အသစ်နဲ့အတူ စတင်ဖွဲ့စည်းခဲ့ပါတယ်။

၂၀၁၆ ခုနှစ် မေ ၂၅ ရက်မှာတော့ တိုင်းရင်းသားရေးရာဝန်ကြီးဌာနကို တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းချက်နဲ့ ကိုက်ညီအောင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအဖြစ် အမည်ပြောင်းလဲခဲ့ပါတယ်။

**အပြည့်အဝခံစားခွင့်ရနိုင်ဖို့**

မေး။ ။ တိုင်းရင်းသားတွေရဲ့ ရပိုင်ခွင့်တွေ၊ အခွင့်အရေးတွေကို ဘယ်လိုကာကွယ်စောင့်ရှောက်သွားဖို့ အစီအစဉ်ရှိပါသလဲ။

ဖြေ။ ။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းလိုက်တဲ့ အဓိကရည်ရွယ်ချက်ကတော့ ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း တိုင်းရင်းသားတွေရဲ့ အခွင့်အရေး၊ စကား၊ စာပေ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုတွေကို အပြည့်အဝခံစားခွင့်ရနိုင်ဖို့ဖြစ်ပါတယ်။ တိုင်းရင်းသားတွေက သူတို့ရဲ့ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကောင်းတာတွေကို ထုတ်ဖော်ချင်တယ်။ ကာကွယ်စောင့်ရှောက်ချင်တယ်။ တိုးတက်ဖွံ့ဖြိုးစေချင်ကြပါတယ်။ ဖော်ထုတ်ထိန်းသိမ်းတဲ့နေရာမှာ ကောင်းတဲ့ဓလေ့ထုံးစံတွေကို ထိန်းသိမ်းသွားမှာ ဖြစ်ပါတယ်။ ဓလေ့ထုံးစံကောင်းတွေကို

**အထူးကဏ္ဍ (စ) သို့ »»**






တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်။

## မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းသားတွေအားလုံး ပညာတတ်ဖို့၊ ဗဟုသုတရှိဖို့လိုတယ်။ သူတို့ရဲ့စကား၊ စာပေ၊ ဓလေ့ထုံးစံတွေအပြင် အသိပညာ၊ အတတ်ပညာရှိဖို့ လိုပါတယ်။

အထူးကဏ္ဍ (င) မှ »»

နောင်လာနောက်သားတွေ ပြန်ပြီးတော့အသုံးပြုနိုင်အောင်လည်း ထိန်းသိမ်းပေးမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းရင်းသားတွေအားလုံး ပညာတတ်ဖို့၊ ဗဟုသုတရှိဖို့လိုတယ်။ သူတို့ရဲ့စကား၊ စာပေ၊ ဓလေ့ထုံးစံတွေအပြင် အသိပညာ၊ အတတ်ပညာရှိဖို့ လိုပါတယ်။ ပြည်ထောင်စုအတွင်းမှာ တိုင်းရင်းသားပေါင်း ရာကျော်ရှိပါတယ်။ အရင်တုန်းက တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေ၊ တိုင်းရင်းသားတွေမြတ်နိုးတဲ့ သူတို့ရဲ့ အမျိုးသားနေ့တွေ၊ ဓလေ့ထုံးစံတွေကို ပိတ်ပင်တာတွေ၊ တားဆီးတာတွေ ရှိခဲ့ဖူးပါတယ်။

### စောင့်ရှောက်ပေးနေ

ပြီးခဲ့တဲ့အစိုးရလက်ထက်မှာတော့ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။ အခုအစိုးရလက်ထက်မှာလည်း ဒီအခွင့်အရေးတွေကို အပြည့်အဝခံစားနိုင်ဖို့ အခုလို ဝန်ကြီးဌာနတစ်ခု ဖွဲ့စည်းပြီး စောင့်ရှောက်ပေးနေပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနပေါ်လာတော့ တိုင်းရင်းသားတွေအတွက် အများကြီး အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ တိုင်းရင်းသားရဲ့ ရပိုင်ခွင့်၊ အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး မသိတာတွေ၊ နားမလည်တာတွေကို လာပြီးမေးမြန်းနိုင်ပါတယ်။

### ဝန်ကြီးဌာန၏ မျှော်မှန်းချက်

မေး။ ။ ဝန်ကြီးဌာနရဲ့ မျှော်မှန်းချက် (Vision)ကို ဘယ်လိုချမှတ်ထားပါသလဲ။

ဖြေ။ ။ ဝန်ကြီးဌာနရဲ့ မျှော်မှန်းချက်ကတော့ "တိုင်းရင်းသားများ၏ စာပေနဲ့ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စုစိတ်ဓာတ် တိုးတက်ခိုင်မာစေပြီး တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်စေရန်" ကြိုးပမ်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

မေး။ ။ အခုအစိုးရလက်ထက်မှ စတင်ဖွဲ့စည်းတဲ့ ဝန်ကြီးဌာနအသစ်ဖြစ်လို့ ဝန်ကြီးဌာန ဖွဲ့စည်းပုံရေးဆွဲတာ၊ ဝန်ထမ်းတွေခန့်အပ်တာ၊ ပရိဘောဂပစ္စည်းတွေ ဝယ်ယူဖြည့်တင်းတာ စတဲ့လုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့ရတယ်လို့ သိရပါတယ်။ ဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေဆောင်ရွက်ခဲ့မှု အခြေအနေကိုလည်း ရှင်းပြပေးပါခင်ဗျား။

ဖြေ။ ။ ဝန်ကြီးဌာနဟာ ယခုမှစတင်ဖွဲ့စည်းတဲ့ ဝန်ကြီးဌာနဖြစ်တဲ့အတွက် ဝန်ထမ်းဖွဲ့စည်းမှုမရှိခဲ့ပါဘူး။ ဒါကြောင့် ဝန်ထမ်းဖွဲ့စည်းခွင့်ရဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးကို တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးရုံးနဲ့ ဦးစီးဌာန နှစ်ခုပါရှိပြီး အရာထမ်း၊ အမှုထမ်းရာထူးနေရာ ၁၁၃၁ ပါရှိတဲ့ ဝန်ထမ်းဖွဲ့စည်းပုံကို ၂၀-၇-၂၀၁၆ ရက်မှာ ခွင့်ပြုချက်ရရှိခဲ့ပါတယ်။ နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံးနဲ့ ဦးစီးဌာနရုံးချုပ်တွေအောက်မှာ ရာထူးနေရာ ၃၇၀၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်မှာ ရာထူး ၇၆၁ နေရာပါရှိပါတယ်။ ဝန်ထမ်းဖွဲ့စည်းမှုနဲ့အတူ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဝန်ထမ်းများအတွက် လစာစရိတ်အပါအဝင် အခြားအသုံးစရိတ်ရန်ပုံငွေ ခွင့်ပြုချက်ကိုလည်း ၂၃-၈-၂၀၁၆ ရက်နေ့မှာ ခွင့်ပြုရရှိခဲ့ပါတယ်။

### ရွေးချယ်ခန့်ထားပြီး

ဝန်ထမ်းဖွဲ့စည်းမှုနဲ့ ရန်ပုံငွေရရှိပြီဖြစ်လို့ ဝန်ထမ်းများခန့်ထားနိုင်ဖို့အတွက် ဆောင်ရွက်ခဲ့ပါတယ်။ အခြားဝန်ကြီးဌာနများက ပြောင်းရွှေ့လိုတဲ့သူတွေအနက် ဝန်ထမ်း ၂၀၀ ကျော်ကို ရွေးချယ်ခန့်ထားပြီးဖြစ်ပါတယ်။ ဝန်ကြီးဌာနအတွက် လိုအပ်တဲ့ပရိဘောဂနဲ့ပစ္စည်းတွေကို

အထူးကဏ္ဍ (ဆ) သို့ »»




တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် လူမှုရေးပေါင်းစပ်မှုဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးအစီအစဉ်တွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**အထူးကဏ္ဍ (၈) မှ »»**

ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူခဲ့ပါတယ်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီမှာ ပရိဘောဂနဲ့ပစ္စည်းရောက်ရှိ အသုံးပြုနေပါပြီ။

မေး။ ။ တိုင်းဒေသကြီးနဲ့ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတွေနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နေတဲ့အပိုင်းကို သိလိုပါတယ်။

ဖြေ။ ။ ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့အညီ တိုင်းဒေသကြီးနဲ့ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတွေနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်ဖို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုင်းရင်းသားအခွင့်အရေးတွေနဲ့ ပတ်သက်ပြီး ဥပဒေပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်နိုင်ဖို့၊ တိုင်းရင်းသားတွေရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ဖို့ ဘဏ္ဍာရန်ပုံငွေကို သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံနိုင်ဖို့ ဆွေးနွေးပြီး ဆောင်ရွက်ခဲ့ပါတယ်။

မေး။ ။ ဝန်ကြီးဌာနဖွဲ့စည်းပြီးနောက်ပိုင်း တိုင်းရင်းသားလူမျိုးများရဲ့ အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနဲ့ ပတ်သက်တဲ့ ဆောင်ရွက်နေမှုအခြေအနေကို သိလိုပါတယ်။

ဖြေ။ ။ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေမှာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့် (၁၀) ချက်ကို ဖော်ပြထားပါတယ်။ ဥပဒေပြဋ္ဌာန်းချက်ပါ ဒီအခွင့်အရေးတွေကို ရရှိနိုင်ဖို့နဲ့ တိုင်းရင်းသားများက စနစ်တကျတင်ပြဆောင်ရွက်နိုင်ဖို့ နည်းဥပဒေပြဋ္ဌာန်းဖို့ လိုပါတယ်။ နည်းဥပဒေပြဋ္ဌာန်းနိုင်ဖို့ ကနဦးမူကြမ်းကိုရေးဆွဲပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက တိုင်းရင်းသားရေးရာဝန်ကြီးတွေ၊ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်က တိုင်းရင်းသားရေးရာကော်မတီကိုယ်စားလှယ်တွေ၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ကိုယ်စားလှယ်တွေ၊ အရပ်ဘက်တိုင်းရင်းသားအဖွဲ့အစည်းတွေကို ချပြဆွေးနွေးတဲ့ အလုပ်ရုံဆွေးနွေးပွဲကို ၃၁-၁-၂၀၁၇ ရက်ကနေ ၁-၂-၂၀၁၇ ရက်အထိ နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။

**ကြားနာစစ်ဆေးညှိနှိုင်းဖြေရှင်းပေးနိုင်ဖို့**

မေး။ ။ နည်းဥပဒေပြဋ္ဌာန်းပြီးရင် တိုင်းရင်းသားတွေအတွက် ဘယ်လိုအကျိုးဖြစ်ထွန်းနိုင်ပါသလဲ။

ဖြေ။ ။ နည်းဥပဒေမူကြမ်းမှာက တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်တွေမှာ ခုံသမာဓိအဖွဲ့တွေ၊ ပြည်ထောင်စုအဆင့်မှာ ခုံသမာဓိကောင်စီတွေ ဖွဲ့စည်းပြီး တိုင်းရင်းသားတွေရဲ့ အခွင့်အရေး ဖောက်ဖျက်ခံရမှုတွေကို ကြားနာစစ်ဆေး ညှိနှိုင်းဖြေရှင်းပေးနိုင်ဖို့ ထည့်သွင်းရေးဆွဲထားပါတယ်။ ကနဦးမူကြမ်းကနေ ပထမမူကြမ်း၊ ဒုတိယမူကြမ်းအထိရေးဆွဲပြီး နည်းဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ဖို့ အလုပ်ရုံဆွေးနွေးပွဲတွေကျင်းပပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။ နည်းဥပဒေမှာ တိုင်းရင်းသားအခွင့်အရေးချိုးဖောက်ခံရရင် ဘယ်လိုစတင်တိုင်ကြားရမယ်။ ဘယ်လိုဖြေရှင်းဆောင်ရွက်ပေးမယ်။ အယူခံ ဘယ်လိုလျှောက်ထားရမယ်ဆိုတာကို ရှိုးရှင်းလွယ်ကူမှုရှိအောင် ဖော်ပြပေးမှာဖြစ်တဲ့အတွက် မိမိအခွင့်အရေးချိုးဖောက်ခံရမှုကို သတ်မှတ်ထားတဲ့နေရာမှာပဲ မှန်ကန်လွယ်ကူစွာတိုင်ကြားနိုင်မှာဖြစ်ပါတယ်။

**အထူးကဏ္ဍ (၉) သို့ »»**

**တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့်ဥပဒေမှာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့် (၁၀) ချက်ကို ဖော်ပြထားပါတယ်။ ဥပဒေပြဋ္ဌာန်းချက်ပါ ဒီအခွင့်အရေးတွေကို ရရှိနိုင်ဖို့နဲ့ တိုင်းရင်းသားများက စနစ်တကျတင်ပြဆောင်ရွက်နိုင်ဖို့ နည်းဥပဒေပြဋ္ဌာန်းဖို့ လိုပါတယ်။**



National Policy Dialogue on Rights of Indigenous Peoples in Myanmar ဆွေးနွေးပွဲကျင်းပစဉ်။




နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ အကြိမ် (၇၀) မြောက် မွန်အမျိုးသားနေ့အကြို ညစာစားပွဲအခမ်းအနားတွင် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်စဉ်။

အထူးကဏ္ဍ (ဆ) မှ »»

**လွတ်လပ်စွာကျင်းပဆောင်ရွက်နိုင်နေပြီ**

မေး။ ။ ဝန်ကြီးဌာနရဲ့ တစ်နှစ်တာကာလအတွင်း အခြားဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းစဉ်များကိုလည်း ပြောကြားပေးပါခင်ဗျာ။

ဖြေ။ ။ တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးတွေနဲ့ ဝန်ကြီးဌာနက ဝန်ထမ်းတွေ စွမ်းဆောင်ရည်မြင့်မားဖို့အတွက် အစိုးရမဟုတ်သောအဖွဲ့အစည်းတွေ(NGO)နဲ့ ပူးပေါင်းပြီး အလုပ်ရုံဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီအပြင် ပြဋ္ဌာန်းထားတဲ့ဥပဒေနဲ့အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်တွေမှာ တိုင်းရင်းသားရေးရာကိစ္စရပ်တွေကို အကောင်အထည်ဖော်နိုင်ဖို့အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရန်ပုံငွေတွေမှာ ထည့်သွင်းတောင်းခံဖို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ ကျင်းပတဲ့ တိုင်းရင်းသားတွေရဲ့ အမျိုးသားနေ့တွေ၊ နှစ်သစ်ကူးနေ့တွေကို သက်ဆိုင်ရာအစိုးရအဖွဲ့တွေရဲ့ ထောက်ပံ့ကူညီမှုတွေနဲ့ ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ဒီလိုအခမ်းအနားတွေကိုလည်း ယခုအချိန်မှာ လွတ်လပ်စွာ ကျင်းပဆောင်ရွက်နိုင်နေပြီ ဖြစ်ပါတယ်။

မေး။ ။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ဝန်ကြီးဌာနက ဆောင်ရွက်မယ့်လုပ်ငန်းများကိုလည်း သိလိုပါတယ်။

ဖြေ။ ။ လာမယ့်ဘဏ္ဍာနှစ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနရဲ့ မူဝါဒ၊ ရည်မှန်းချက်နဲ့ လုပ်ငန်းတာဝန်တွေကို အကောင်အထည်ဖော်နိုင်ဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဦးစီးဌာနရုံးတွေကို သက်ဆိုင်ရာအစိုးရရုံးစိုက်တဲ့ မြို့တွေမှာ ဖွင့်လှစ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဖွင့်လှစ်ပြီးရင် တိုင်းရင်းသားပြည်သူတွေက မိမိတို့ရဲ့အခွင့်အရေးတွေနဲ့ ပတ်သက်ပြီး အလွယ်တကူတင်ပြနိုင်မှာဖြစ်ပြီး ပြည်သူတွေရဲ့အသံကို ပိုမိုကြားသိအောင် ကူညီဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

**ပိုမိုတိုးတက်ရရှိအောင်**

နောက်တစ်ခုက ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် မြင့်တက်လာဖို့ NGO၊ INGO အဖွဲ့တွေနဲ့ပူးပေါင်းပြီး လေ့ကျင့်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ သင်တန်းတွေကို လက်ရှိဆောင်ရွက်နေသလို ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ စွမ်းဆောင်ရည် မြင့်တက်လာခြင်းနဲ့အတူ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို ပိုမိုတိုးတက်ရရှိအောင်လည်း ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဆောင်ရွက်နေဆဲဖြစ်တဲ့ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေကို ထုတ်ပြန်နိုင်ရေးအတွက်လည်း ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ရုံးတွေဖွင့်ပြီးတော့ တိုင်းရင်းသားတွေရဲ့ အခက်အခဲတွေကို ကူညီမယ်။ တိုင်းရင်းသားတွေ အသိဉာဏ်ပညာတွေ ဖွံ့ဖြိုးအောင်ဆောင်ရွက်မယ်။ စာမတတ်သူကလေးတွေ၊ ကျောင်းမထားနိုင်သူတွေကို စာရင်းကောက်ယူဖို့ ဆောင်ရွက်မယ်။ စာမတတ်သူ ဘယ်လောက်ရှိသလဲ၊ ဘာကြောင့်စာမတတ်သလဲ၊ လမ်းပန်းဆက်သွယ်ရေးမကောင်းလို့လား၊ ငြိမ်းချမ်းမှုမရှိလို့လားဆိုတာတွေကို အသေးစိတ်ထည့်ပြီးကောက်မယ်။ ပြီးတော့ စာသင်ကျောင်းလိုအပ်ချက်ရှိတဲ့နေရာတွင် စာသင်ကျောင်းဆောက်ပေးဖို့၊ ဆရာတွေခန့်ပေးဖို့၊ လျှပ်စစ်မီးရသင့်တဲ့ရွာတွေ လျှပ်စစ်မီးရဖို့ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်မယ်။ ဒီအချိန်ဟာ တန်းတူရေး၊ ဖက်ဒရယ်ပြည်ထောင်စု စစ်စစ်တည်ဆောက်ရေးဆိုတဲ့ကိစ္စကို ဆွေးနွေးတိုင်ပင်လို့ရနေပါပြီ။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးစားပွဲဝိုင်းမှာ အဖြေရှာလို့ရနေပါပြီ။

**လူမျိုးစုကြီးသည်၊ ငယ်သည် မခွဲခြား**

မေး။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင် ပြောကြားပေးပါခင်ဗျာ။

ဖြေ။ ။ အခုလို တိုင်းရင်းသားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုက အထူးအရေးပါတဲ့ကာလမှာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကိုဖွဲ့စည်းပြီး တိုင်းရင်းသား အခွင့်အရေးတွေကို ဆောင်ရွက်ပေးနိုင်ခြင်းဟာ အခွင့်အရေးကောင်းတစ်ခု ဖြစ်တဲ့အပြင် နိုင်ငံတော်အစိုးရက အထူးအလေးထားဆောင်ရွက်ပေးတဲ့ကိစ္စတစ်ခုလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားတွေဟာ လူမျိုးစု ကြီးသည်၊ ငယ်သည် မခွဲခြားဘဲ အားလုံးကို လူသားတွေဖြစ်တယ်လို့ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေးကိုရှေ့ရှုပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါ။ တိုင်းရင်းသားတွေအားလုံး ငြိမ်းချမ်းရေးစကားဝိုင်းထဲကို ဝင်လာကြပါတယ်။ တစ်နိုင်ငံလုံး ဘယ်လက်နက်ကိုင်အဖွဲ့အစည်းမဆို အားလုံးရပ်ပြီးတော့ နိုင်ငံရေးကို ဆွေးနွေးပေးပါ။ ကိုယ့်လူမျိုးအတွက် ဘာတွေလိုအပ်ချက်ရှိတယ်။ ဘာတွေဖြစ်စေချင်တယ်ဆိုတာကို ဆွေးနွေးပေးကြပါ။ ဘုံနိုင်ငံရေးသဘောတူညီချက်ရရှိတဲ့အထိ လာပြီး ဆွေးနွေးပေးကြပါ။ ဒါမှ သူတို့ရဲ့ နယ်မြေဒေသထဲကိုသွားပြီး သူတို့ရဲ့ နယ်မြေဒေသတွေကို ဖွံ့ဖြိုးအောင်၊ စာတတ်အောင်၊ ဗဟုသုတရှိအောင်၊ ပြည်ထောင်စုနဲ့ရင်ပေါင်တန်းနိုင်အောင်၊ ကမ္ဘာနဲ့ ပခုံးချင်းယှဉ်နိုင်အောင် လုပ်ဆောင်ပေးနိုင်မှာဖြစ်ပါတယ်။

၀၀၀



> **တိုင်းရင်းသားတွေဟာ လူမျိုးစုကြီးသည်၊ ငယ်သည် မခွဲခြားဘဲ အားလုံးကို လူသားတွေဖြစ်တယ်လို့ ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်နဲ့ ငြိမ်းချမ်းရေးကို ရှေ့ရှုပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါ။ တိုင်းရင်းသားတွေအားလုံး ငြိမ်းချမ်းရေးစကားဝိုင်းထဲကို ဝင်လာကြပါတယ်။ တစ်နိုင်ငံလုံး ဘယ်လက်နက်ကိုင်အဖွဲ့အစည်းမဆို အားလုံးရပ်ပြီးတော့ နိုင်ငံရေးကို ဆွေးနွေးပေးပါ။ ကိုယ့်လူမျိုးအတွက် ဘာတွေလိုအပ်ချက်ရှိတယ်။ ဘာတွေဖြစ်စေချင်တယ်ဆိုတာကို ဆွေးနွေးပေးကြပါ။**